မြန်မာ့အလင်း

၁၂၉၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ကြောင်းကြီးများ၏ တပ်မဲ့စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး စစ်ရေးပြ အဆင့်အတန်းမြင့်မားရေး အားသွန်ခွန်စိုက် လေ့ကျင့်ဆောင်ရွက်

နေပြည်တော် မတ် ၆

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ စစ်ရေးပြစုရပ်ကွင်းသို့ သွားရောက်၍ **(၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ တပ်မဲ့စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)

အားသွန်ခွန်စိုက်လေ့ကျင့်

ယင်းသို့ တပ်မဲ့စစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကြီး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစံဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလွင် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့် ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှတပ်မတော်သားများက တပ်မဲ့စစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စစ်ရေးပြအဆင့်အတန်း မြင့်မားရေးအတွက် အားသွန်ခွန်စိုက် လေ့ကျင့်ဆောင်ရွက်ကြရေး၊ စည်းကမ်းစနစ်တကျရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ပြည်တွင်း၊ ပြည်ပ သတင်း ဆောင်းပါး အညွှန်း

ဘော်လ်တန်အသင်းခေါင်းဆောင် နိုလန်အား စာချုပ်သစ် ထပ်မံချုပ်ဆို

ကမ္ဘာတစ်လွှားအားကစား (စာ-၁၃)

အဆီနှင့်ကိုလက်စထရောလ်များသော အစားအစာများသည် နှလုံးရောဂါ၊ ကင်ဆာရောဂါဖြစ်ပွားမှုများနှင့် ဆက်နွှယ်မှုရှိ

ပါမောက္ခ ဒေါက်တာပိုင်စိုး၏ ကျန်းမာရေးအတွက် စားသုံးဆီ ဆောင်းပါး (စာ-၁၀ နှင့် ၁၁)

မိုးသီးများ ရွာချခဲ့မှုကြောင့် အတ္တလန္တစ် လွန်းပြန်ယာဉ် လွှတ်တင်မှု အစီအစဉ်ပျက်ခဲ့ရ

နိုင်ငံတကာသတင်း (စာ-၅)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၇ ရက်)

နိုင်ငံတော်သစ် တည်ဆောက်ရေး အနုပညာစွမ်းအားဖြင့် ပါဝင်ဆောင်ရွက်

၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ချီးမြှင့်သည့် အခမ်းအနားကို မတ်လ ၅ ရက်နေ့ ညနေပိုင်းက နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပခဲ့သည်။

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးအတွက် ၁၉၅၂ခုနှစ်ကစပြီး နှစ်စဉ် ရုပ်ရှင်အကယ်ဒမီ ရွှေစင်ဆုများ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ခဲ့ရာ ဆုအမျိုးအစား ၁၁မျိုး အထိ ချီးမြှင့်လာနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ အားပေးလမ်းညွှန်မှုနှင့်အညီ ရုပ်ရှင်အတတ်ပညာရှင်၊ အနုပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တွင် ရုပ်ရှင်နှင့်ပြဇာတ်ပညာဘွဲ့ကြိုသင်တန်းကို ဖွင့်လှစ်ပေးခဲ့သဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများ ထုတ်လုပ်လာနိုင်မည် ဖြစ်သည်။ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ အရည်အသွေးမြင့်မားရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကော်မတီတစ်ရပ်ဖွဲ့စည်းကာ နည်းလမ်းများရှာကြံပြီး ပြည်ပရုပ်ရှင်ပွဲတော်နှင့် နိုင်ငံတကာရုပ်ရှင် ဈေးကွက်ထိုးဖောက်ပြသနိုင်ရေးအတွက် ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကလည်း နိုင်ငံတကာ ရုပ်ရှင်ဆက်သွယ်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်း၍ ပံ့ပိုးကူညီလျက်ရှိသည်။

မြန်မာ့ရုပ်ရှင်တွင် ဇာတ်လမ်း၊ ဇာတ်ကွက်ဖန်တီးမှုအပိုင်း၊ ရိုက်ကူးရေးအပိုင်း၊ စက်မှုနည်းပညာအပိုင်း စသည့် အားနည်းချက်များကို ပြုပြင်ဆောင်ရွက်နိုင်သည်နှင့်အမျှ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတကာအထိ ထိုးဖောက်နိုင်မည် ဖြစ်သည်။

ရုပ်ရှင်လောကသားများအနေဖြင့် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားရေးနှင့် နိုင်ငံတကာ ရုပ်ရှင်ဈေးကွက် ကျယ်ပြန့်လာရေးအတွက် ရည်ရွယ်ချက်များအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အနုပညာရှင်များသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစရိုက် လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကြရမည့်အပြင် တိုင်းတစ်ပါး ယဉ်ကျေးမှု အငွေ့အသက်များ လွှမ်းမိုးခြင်းမခံရအောင် အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အနုပညာရှင်များသည် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့် အစဉ်အလာနှင့်အညီ အနာဂတ်တွင်လည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အနုပညာစွမ်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးလုပ်ငန်းကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း အမှာစကား ပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်း ချိုသာသည့်ပြောဆိုဆက်ဆံမှုဖြင့် ပြည်သူကို အလုပ်အကျွေးပြု

နေပြည်တော် မတ် ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၇)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အလုပ်အကျွေးပြု

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ရည်မှန်းချက်များ၊ ဦးတည်ချက်များ၊ တိုးတက်အောင်မြင်မှုများ သိရှိလေ့လာပြီး ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်စနစ်များကို ချိုသာပြေပြစ်သည့် ပြောဆိုဆက်ဆံမှုများဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း၊ တာဝန်နှင့်ရပိုင်ခွင့်များဖြင့် ကိုယ်ကျိုးရှာဖွေခြင်း မပြုသော ပြည်သူများ ယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်စေရန် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်ပြီး ရိုးဖြောင့်မှန်ကန်သော စိတ်ထားဖြင့် နိုင်ငံတော်ကို တာဝန်သိသိ သစ္စာရှိရှိ အလုပ်အကျွေး ပြုသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၇)သို့ သင်တန်းသား ၇၅ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	"အမြတ်များများရအောင် ယူတတ်ပါစေ"တရားတော် (ရွှေမြိုင်ဆရာတော် ဦးသြဘာသာဘိဝံသ)
၈း၀၀	အနာဂတ်ပန်းများ ပွင့်လန်းဝေဆာ မြင်သာမြို့ဦး ပရဟိတဂေဟာ (အပိုင်း-၁)
၈း၂၅	နိုင်ငံတကာအနုပညာရေးရာ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ဖူးမြော်ပူဇော် မြသလွန်စေတီတော်
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	Midweek Sports News
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	အသည်းရောင် အသားဝါ (စီ)ပိုးတွေ့ရှိနေလျှင်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	မြန်မာစာ၊ မြန်မာစကား(၈)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	သူ၏အနုပညာနှင့် အလှသစ္စာတရား (စန္ဒရားလှထွတ်)
၁၁း၄၀	ပြည်တွင်း သတင်းအကျဉ်း
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ကဗျာဆရာစောဝေနှင့် တွေ့ဆုံခြင်း)
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၀	တေးဂီတအစီအစဉ်
၁၂း၅၅	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Man: Utd-Lille	5-Sports (Live)
၁၂း၃၀	Bayern Munich-Real Madrid	5-Series (Live)

တောင်ကြီးမြို့ လမ်းမတော် ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးခင်မောင်၊ ဒေါ်ခင်ခင်လတ်၊ သား မောင်ကျော်မိုးဦး၊ သမီး မမေမဥ္ဇူဦး၊ သား မောင်လွင်စတိုင်ဦး (စတိုင်စတိုး) မိသားစုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုး ဘွား ဆောင်သစ်ကြီး အတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၇-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက ချစ်လိပ်ပြာ"** (အပိုင်း-၁၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** (အပိုင်း-၁၁)

(၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဆုများချီးမြှင့်

နေပြည်တော် မတ် ၆

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ ဆုများကို ချီးမြှင့်သည်။

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ဒုတိယဆုရ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

ဆုချီးမြှင့်ပွဲသို့ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဆောင်ရွက်

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများသည် စုရပ်မှ စစ်ရေးပြကွင်းသို့ ချီတက်နေရာယူကြကာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆုပေးအပ်ချီးမြှင့်

ယင်းနောက် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ၂၀၀၇ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ၌ စစ်တီးဝိုင်းဆုတတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်၊ ဒုတိယဆုရ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်နှင့် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး ဆင်တဲဝချောင်း၊ ပင်းချောင်းတို့တွင် စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်နေသော ကြက်သွန်နီစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

တိုးတက်စိုက်ပျိုး

ဝန်ကြီးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မတ် ၄ ရက် မွန်းလွဲပိုင်းတွင် မကွေးမြို့ ကုန်စည်ဒိုင်၌ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံပြီး ဒေသ၏ စီးပွားကိန်းဝင် သီးနှံများနှင့် ဈေးကွက်ဝင်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး၌ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး နတ်မောက်မြို့နယ်ရှိ ပြည့်ဖြိုးအောင်ကုမ္ပဏီ၏ ကြက်သွန်စိုက်ခင်းများကို လည်းကောင်း၊ မြို့သစ်မြို့ရှိ တိုးတက်လင်းနှင့် နယူးဂိုးလ်ဒင်းဂိတ်ကုမ္ပဏီ၏ ကြက်သွန်စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ ကြက်သွန်နီမျိုးကောင်း မျိုးသန့်ထုတ်လုပ်၍

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ၉"X၉" ရွှေပြားသက်န်းကပ်လှူခြင်းနှင့် မဟာသွဲ့သာရရုပ်ပွားတော်မြတ်ကြီးအား (၅၂၉)ကြိမ်မြောက် အနေကဇာတင်အလှူတော်အတွက် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာ အမှတ်(၁၀၁/ဘီ)နေ မောင်ကျော်မင်းထွဋ် အလှူတော်ငွေကျပ် ၁၀၀၆၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်း (အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကုန်သည်/ စက်မှုအသင်းချုပ် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အဆောက်အအုံသစ် UMFCCI Office Tower ဖွင့်ပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower၌ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် UMFCCI Office Tower ရှိ မင်္ဂလာခန်းမ၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည် အစည်းအဝေးနှင့်အတူ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ၊ ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲများကိုပါ ကျင်းပသွားမည်ဖြစ်သည်။ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စနစ်တကျ သိုလှောင်ဖြန့်ဖြူးရေး၊ အများပြည်သူအား ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချရေးအတွက် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားအိမ်ခေါင်းကင်ဆာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ သားဖွားမီးယပ်လူနာများအား ခွဲစိတ်ကုသပေးမည်

ရန်ကုန် မတ် ၆

သားအိမ်ခေါင်းကင်ဆာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံ အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင် ၃၀၀)၌ကျင်းပရာ ဘယ်လ်ဂျီယန်နိုင်ငံ Support Fund Myanmar (Belgium) Team မှ သားအိမ်ခေါင်းကင်ဆာ (Cervix Cancer)ရောဂါရှာဖွေကုသရေး ခွဲစိတ်ဆရာဝန်ကြီး Dr. Marleen Praet နှင့် အဖွဲ့ဝင်များ၊ ဆေးရုံမှ တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွှန့်နှင့် သားဖွားမီးယပ်ပါရဂူများ၊ ဖိတ်ကြားထားသူများနှင့် တပ်မတော် ဆေးတက္ကသိုလ်မှ သားဖွားမီးယပ်ဆိုင်ရာ သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းဖြေကြား

ရှေးဦးစွာ မင်္ဂလာဒုံ အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင် ၃၀၀)မှ သားဖွားမီးယပ်ပါရဂူ ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွှန့်က သားအိမ်ခေါင်းကင်ဆာ အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဘယ်လ်ဂျီယန်နိုင်ငံမှ ကင်ဆာရောဂါကုသမှု ဆရာဝန်ကြီး Dr. Marleen Praet က သားအိမ်ခေါင်းကင်ဆာရောဂါနှင့် ခွဲစိတ်ကုသမှုဆိုင်ရာတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ခွဲစိတ်ကုသ

သားအိမ်ခေါင်းကင်ဆာရောဂါ ရှာဖွေကုသရေး ခွဲစိတ်ဆရာဝန်ကြီး Dr. Marleen Praet နှင့်အဖွဲ့ဝင်များ၊ အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင် ၃၀၀)မှ တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွှန့်နှင့် သားဖွားမီးယပ်ပါရဂူများ ပူးပေါင်း၍ မင်္ဂလာဒုံ၊ မှော်ဘီနှင့် အင်းတိုင်တပ်နယ်တို့မှ သားအိမ်ခေါင်းကင်ဆာရောဂါရှင် ခုနစ်ဦးတို့ကို မတ် ၇ ရက်မှ မတ် ၉ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ၂၀၀၇ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပါဝင်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အစည်းအဝေးအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ဧည့်ပရိသတ်များသည် ခန်းမအတွင်း၌ ပြသထားသည့် ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူချိန်

၆-၃-၂၀၀၇

နေပြည်တော်	၁၇ ဒီဂရီစင်တီဂရိတ်
ဟားခါး	၃ ဒီဂရီစင်တီဂရိတ်
လားရှိုး	၆ ဒီဂရီစင်တီဂရိတ်
ကသာ	၁၀ ဒီဂရီစင်တီဂရိတ်
ကန့်ဘလူ	၁၄ ဒီဂရီစင်တီဂရိတ်
မန္တလေး	၁၈ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	၂၀ ဒီဂရီစင်တီဂရိတ်

(ကမ္ဘာ့အေး)

အီရတ်တိုက်ခိုက်ရေးသမားများအား လေ့ကျင့်ပေးနေကြောင်း ကန့်စွပ်စွဲချက် လိမ်ညာပြောကြားမှုဖြစ်ကြောင်း ဟစ်ဇ်ဘိုလာတို့ ပြစ်တင်ဝေဖန်

ဘေရွတ် မတ် ၆

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် လက်ဘနွန်နိုင်ငံတွင် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများအား ဟစ်ဇ်ဘိုလာတို့က သင်တန်းပေးလေ့ကျင့်နေသည်ဟု အမေရိကန်တို့စွပ်စွဲမှုကို ဟစ်ဇ်ဘိုလာတို့က ဝေဖန်ပြစ်တင်လိုက်သည်ဟု လက်ဘနွန်နိုင်ငံထုတ် ဒေးလီးစတားသတင်းစာ၌ မတ် ၃ ရက်က ဖော်ပြသည်။

အမေရိကန် အမျိုးသားထောက်လှမ်းရေးညွှန်ကြားရေးမှူး မိုက်ကယ်မက်ကောသည် လိမ်ညာ မုသားပြောသူတစ်ဦးဖြစ်ကြောင်း၊ ၎င်းက လက်ဘနွန်တွင် အီရတ်တိုက်ခိုက်ရေးသမားများကို မိမိတို့က သင်တန်းပေးနေသည်ဟု စွပ်စွဲပြောနေကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားသည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြထားသည်။

အမေရိကန်တို့၏ အရှေ့အလယ်ပိုင်း ဒေသအတွင်းသြဇာလွှမ်းမိုးမှုကို ဆန့်ကျင်တိုက်ခိုက်နေသော ဒေသခံတို့၏ လှုပ်ရှားမှုအပေါ် အမေရိကန်တို့က မနှစ်သက်ဖွယ်စွပ်စွဲ ပြောဆိုနေခြင်းမှာ ထင်ရှားကြောင်း ၎င်းသတင်းစာ၌ ဖော်ပြသည်။

အမေရိကန်တို့ကို ဆန့်ကျင် တိုက်ခိုက်ရေး အီရတ်၏ မဟာဗျူဟာရည်မှန်းချက်အတွက် ဟစ်ဇ်ဘိုလာတို့သည် အဓိကနေရာမှ ပါဝင်နေသည်ဟု အမေရိကန် အမျိုးသား ထောက်လှမ်းရေးညွှန်ကြားရေးမှူးမိုက်ကယ်ကောက စွပ်စွဲထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



လက်ဖက်စိုက်ခင်း

တရုတ်နိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လက်ဖက်စိုက်ခင်းတစ်ခုကို မတ် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပင်လယ်ဖျံများ ကာကွယ်ရေး စကော့တလန်၌ ဥပဒေပြဋ္ဌာန်းရန် တောင်းဆို

လန်ဒန် မတ် ၆

စကော့တလန်ရေထုအတွင်းရှိ ပင်လယ်ဖျံများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းရန် တိရစ္ဆာန်ဘေးမဲ့ရေးနှင့် တိရစ္ဆာန် ထိန်းသိမ်းရေးအုပ်စုများက တောင်းဆိုလိုက်သည်။

၁၉၇၀ပြည့်နှစ် ပင်လယ်ဖျံ ထိန်းသိမ်းရေးဥပဒေကို ပြန်လည်သုံးသပ်ပြီး ပင်လယ်ဖျံကာကွယ်ရေးဥပဒေ တစ်ရပ်ပြဋ္ဌာန်းရန် တိရစ္ဆာန်တို့အတွက် စိုးရိမ်မှုနှင့် ရေသတ္တဝါ ထိန်းသိမ်းရေးအသင်း အပါအဝင် အုပ်စုများက လိုလားလျက်ရှိသည်။

မေတ္တာရပ်ခံ

ထို့ပြင် တောင်းဆိုချက်များကို စကော့တလန် ပင်လယ်ဖျံ ဖိုရမ်က ထောက်ခံရန်လည်း ထိုအုပ်စုများက မေတ္တာရပ်ခံသည်။

လက်ရှိဥပဒေအရဆိုလျှင် ဘေးမဲ့ရာသီမှအပ ပင်လယ်ဖျံများကို အသက်အရွယ်၊ အထီးအမ မခွဲခြားဘဲ တရားဝင် သတ်ဖြတ်ခွင့် ပေးထားသလိုဖြစ်ကြောင်း ဝေဖန်ထောက်ပြကြသည်။

(အင်တာနက်)

စကော့တလန် ပင်လယ်ဖျံတစ်ကောင်ကို တွေ့ရစဉ်။

တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အီရန်ဝင်မည်

တီဟီရန် မတ် ၆

တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် အီရန်နိုင်ငံက အဆိုပြုခဲ့ကြောင်း အီရန်သတင်းဌာန အိုင်အာရ်အင်န်အေက မတ် ၃ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အီရန်နိုင်ငံ၏ တရားဝင်အဆိုပြုလွှာတစ်ရပ်ကို တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် လွန်ပိုချန်ယတ်ဒေါ်ဂျီထံသို့ အီရန်နိုင်ငံက ပေးပို့ခဲ့သည်။

ဆွေးနွေး

အီရန်နိုင်ငံအား အဖွဲ့ဝင်အဖြစ် သတ်မှတ်ရေးကိစ္စကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ကျင်းပလျက်ရှိသည့် ဆွေးနွေးပွဲတွင် ဆွေးနွေးကြလျက်ရှိသည်။ အီရန်နိုင်ငံအား တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့လျှင် အီရန်နိုင်ငံ၏ ပထဝီအနေအထားနှင့် ဓနအင်အားတို့ကြောင့် အကျိုးကျေးဇူးများ နှစ်ဦးနှစ်ဖက် ရရှိနိုင်မည်ဖြစ်သည်။

အီရန်နိုင်ငံအား အဖွဲ့ဝင်အဖြစ် လက်ခံရန်ကိစ္စအား အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လာမည့်ဧပြီလ အစောပိုင်း၌ ကျင်းပမည့် တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် ဆွေးနွေး ဆုံးဖြတ်ကြမည်ဖြစ်သည်။

တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ၁၉၈၅ ခုနှစ်က ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ပါကစ္စတန်၊ အာဖဂန်နစ္စတန် စသည့်နိုင်ငံပေါင်း ၁၄နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နှောင့်ယှက်ဖိစီးမှု ဒဏ်ချက် ကလေးသူငယ် ဦးနှောက်ထိခိုက်နိုင်

လန်ဒန် မတ် ၆

ငယ်ရွယ်စဉ် နှောင့်ယှက်ဖိစီးမှုဒဏ်ကို အကြီးအကျယ် ခံစားခဲ့ကြရသည့် ကလေး၏ ဦးနှောက်တွင် ရုပ်ပိုင်းအရ ဒဏ်ရာ စွဲကျန်ရစ်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။

စူးစမ်း

ဖိစီးမှုဒဏ်ကို အကြီးအကျယ်ခံရသဖြင့် ပုံမှန်မဟုတ်သော ကလေးများ၏ မှတ်ဉာဏ်နှင့် စိတ်ခံစားမှုနှင့် ပတ်သက်သော ဦးနှောက်အစိတ်အပိုင်းမှာ ကျုံ့နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက စူးစမ်းတွေ့ရှိထားသည်။

ဦးနှောက်၌ ထိုအစိတ်အပိုင်း အရွယ်အစား ပိုသေးငယ်သွားခြင်းက ထိုကလေးများအနေဖြင့် ဖိစီးမှုဒဏ်ကို ပိုမိုခံနိုင်ရည်နည်းပြီး သောကကို ပိုမိုဖြစ်စေသည်ဟု ဆိုသည်။

ဖိစီးမှုဒဏ်

ဤတွေ့ရှိချက်က အချို့ကလေးသူငယ်များကို မည်သည့်အတွက် ပိုမိုမိုတွယ် အားထားပုံရသည်ကို လည်းကောင်း၊ အကြီးအကျယ် ဖိစီးမှုဒဏ်၏ မည်သို့သော ရေရှည်အကျိုးသက်ရောက်မှု ရှိသည်ကိုလည်းကောင်း နားလည်သဘောပေါက်ရန် အထောက်အကူပြုသည်ဟု သုတေသီ ဗစ်တာကာရီယွန်က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

ကဘူးလ် မတ် ၆

အာဖဂန်နစ္စတန် နိုင်ငံတောင်ပိုင်း ဟီလ်မင်ပြည်နယ်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက နေတိုးဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့မှ မော်တော်ယာဉ်တစ်စီးကို တိုက်ခိုက်ခဲ့ကြကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

ဖြစ်ပွားမှုမှာ အဆိုပါပြည်နယ် နာဒယ်ခရိုင်တွင် အာဖဂန်နစ္စတန် နိုင်ငံသို့ရောက်ရှိနေသော ဗြိတိန်တပ်ဖွဲ့ဝင်များလိုက်ပါလာသော မော်တော်ယာဉ်တန်းအား တာလီဘန်တိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ပျက်စီး

ထိုသို့ တိုက်ခိုက်ခံရမှုကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်ခဲ့သော်လည်း မော်တော်ယာဉ်တစ်စီး ပျက်စီး ခဲ့ရကြောင်း တာလီဘန် တိုက်ခိုက်ရေးသမားများ၏ ပြောရေးဆိုခွင့်ရှိသူ ယူဆပ်ဖ်အမာဒီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆလိုဗက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ပရာကို မတ် ၆

ဆလိုဗက်နိုင်ငံတွင် ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ၅၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဆလိုဗက်ကီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗလာဒီမာဂီမီလာက မတ် ၄ရက်၌ ပြောကြားသည်။

ဖြစ်ပွား

ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဗုံးပေါက် ဆလိုဗက်ကီးယားနိုင်ငံ နိုဗာကီမြို့အနီးရှိ စစ်ဘက်ဆိုင်ရာ လက်နက်ခဲယမ်းများ သိုလှောင်ရာ နေရာ၌ မတ် ၃ ရက် ဒေသစံတော်ချိန် ညနေ ၄နာရီ မိနစ် ၃၀ ခန့်က ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်တာနက် – ကျန်းမာရေး

ငယ်စဉ်ဘဝ၌ ကိုယ်အလေးချိန်များလျှင် အချိန်စော၍ အဝလွန်မှု ဖြစ်ပေါ်နိုင်

နယူးယောက် မတ် ၆

မိန်းကလေးများအနေဖြင့် အသက် သုံးနှစ်အရွယ် ကလေးဘဝက သာမန်ထက် ကိုယ်အလေးချိန်များပြီး ဝဖြိုးခဲ့ပါက အသက်ကိုးနှစ်အရွယ်မှစတင်ကာ အဝလွန်မှုဖြစ်တတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အဝလွန်မှု

ကလေးငယ်ဘဝက အဝလွန်ခဲ့သူများသည် လူလားမြောက်စအရွယ်၌ စောပြီး အဝလွန်မှုဖြစ်ပေါ်တတ်သည်ကို တွေ့ရှိရကာ အချိန်စော၍ အဝလွန်မှုဖြစ်တတ်သည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြသည်။

သုတေသနပြု

အသက်(သုံး)နှစ်မှ (၁၂) နှစ်အထိ မိန်းကလေးများကို သုတေသနပြုခဲ့ရာ မိန်းကလေး ၁၆၈ ဦးတို့မှာ အချိန်စောပြီး အဝလွန်မှုဖြစ်ခဲ့ကြောင်း၊ ထိုမိန်းကလေးများမှာ ငယ်စဉ်က သာမန်ထက် ကိုယ်အလေးချိန် များပြားခဲ့သူများဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

နယ်စပ်ဖြတ်ပြီး ပါကစ္စတန်နိုင်ငံအတွင်း ဝင်တိုက်ခွင့်မရှိ ကန်ဒုိလ်ချုပ်ကြီး၏ ပြောကြားချက် ပါကစ္စတန်ပယ်ချ

အစ္စလမ္မာဘတ် မတ် ၆

အာဖဂန်နစ္စတန်နိုင်ငံရောက် အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် တာလီဘန်နှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများအား နယ်စပ်ဖြတ်ပြီး ပါကစ္စတန်နိုင်ငံအတွင်းသို့တိုင် လိုက်လံတိုက်ခိုက်ခွင့်ရှိသည်ဆိုသော အမေရိကန်ဒုတိယဗိုလ်ချုပ်ကြီး ဒေါက်ကလပ်လုဏ် ပြောကြားချက်ကို ပါကစ္စတန်နိုင်ငံက ပယ်ချလိုက်သည်။ ထိုသို့သော မည်သည့်လုပ်ရပ်ကိုမဆို ပါကစ္စတန်က ခွင့်ပြုမည်မဟုတ်ကြောင်း ကြေညာသည်။

ပြောကြား

နယ်စပ်ကိုဖြတ်ပြီး မည်သူ့ကိုမျှ ပါကစ္စတန်နိုင်ငံအတွင်း ဝင်ခွင့်မပြုကြောင်း၊ မိမိတို့ဒေသအတွင်းတွင် မိမိတို့ ပါကစ္စတန်တပ်ဖွဲ့ဝင်များက လုပ်ကိုင်နိုင်စွမ်းရှိကြောင်းဖြင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တပ်စနင်အက်စလန်က သတင်းထောက်များအား မတ် ၃ရက်က ပြောကြားလိုက်သည်။

နားလည်မှု

ထိုသို့သော အရေးကြီးကိစ္စမျိုးကို နိုင်ငံရေးအဆင့်တွင် ဆွေးနွေးလေ့ရှိကြောင်း၊ လောလောဆယ်တွင် ပါကစ္စတန်နှင့် မည်သည့်နိုင်ငံနှင့်မျှ ထိုသို့သော နားလည်မှုရယူထားခြင်းမရှိကြောင်း ပီးစ်တပ်စနင်က ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ပီတီအိုင်

အတ္တလန္တစ်လွန်းပြန်ယာဉ်

အတ္တလန္တစ် လွန်းပြန်ယာဉ် လွှတ်တင်မည့် ကနေဒီ အာကာသစခန်းကို မတ် ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒေါ်လာငါးဘီလီယံ ကုန်ကျမည့် အလူမီနီယံ သံရည်ကျိုစက်ရုံ ယူအေအီးနှင့် အယ်ဂျီးရီးယားတို့ ပူးတွဲတည်ဆောက်မည်

အဘူဒါဘီ မတ် ၆

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နှင့် အယ်ဂျီးရီးယားနှစ်နိုင်ငံတို့သည် အယ်ဂျီးရီးယားနိုင်ငံတွင် အလူမီနီယံ သံရည်ကျိုစက်ရုံတစ်ခုကို တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ငါးဘီလီယံ ပမာဏရှိသော စာချုပ်တစ်ရပ်အား လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း အီမီရစ်သတင်းဌာနက မတ် ၃ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့ သဘောတူညီမှု ရရှိခဲ့ခြင်းမှာ ယူအေအီးနိုင်ငံ၏ မူဘာဒါလာ ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီနှင့် အယ်ဂျီးရီးယား အမျိုးသားစွမ်းအင်ကုမ္ပဏီ ဆိုနာထရက်တို့က ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ထွက်ရှိ

သဘောတူညီချက်အရ အယ်ဂျီးရီးယားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ဘီနီဆပ်ဖ်အရပ်တွင် အကျယ်ဟတ်တာ ၄၀၀ပေါ်၌ အလူမီနီယံ သံရည်ကျိုစက်ရုံတစ်ရုံတည်ဆောက်မည်ဖြစ်သည်။ ထိုသံရည်ကျိုစက်ရုံအနေဖြင့် တစ်နှစ်လျှင် အရည်အသွေးမြင့် အလူမီနီယံ တန်ချိန် ၇၀၀၀၀၀ခန့် ထွက်ရှိမည်ဖြစ်သည်။

တည်ဆောက်မည်

ထို့အပြင် ရေနက်ပိုင်း၌ မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂေါက်သီးလုံးအရွယ် မိုးသီးများ ရွာချခဲ့မှုကြောင့် အတ္တလန္တစ် လွန်းပြန်ယာဉ်လွှတ်တင်မှု အစီအစဉ်ပျက်

ကိတ်ကာနေဗာရယ်(ပဖော်ရီဒါ) မတ် ၆

အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ်ကို မုန်တိုင်းကျရောက်မှုကြောင့် ပြန်လည်ပြုပြင်ရန်အတွက် မတ် ၄ ရက်က ဒုံးပစ်စင်မှ ပြန်လည်ရွှေ့ပြောင်းလိုက်ပြီဖြစ်သည်။

ပျက်စီး

အဆိုပါ အာကာသလွန်းပြန်ယာဉ်ကို မတ် ၁၅ရက်တွင် လွှတ်တင်ရန် စီစဉ်ထားခဲ့ကြောင်း၊ ယခုနှစ်အတွင်း နိုင်ငံတကာ အာကာသစခန်းသို့ ပို့သန်းရန် နာဆာက မစ်ရှင်ငါးခု စီစဉ်ထားရာမှ ပထမဆုံးအကြိမ် လွှတ်တင်မည့် မစ်ရှင်ဖြစ်ကြောင်း၊ မတ် ၅ရက်က ကနေဒီ အာကာသစခန်းပေါ်သို့ မိုးကြိုးမုန်တိုင်း တိုက်ရိုက်ကျရောက်ခဲ့သဖြင့် လွန်းပြန်ယာဉ်၏ ဆီလှောင်ကန်မှာ အခြေအနေဆိုးရွားစွာ ပျက်စီးသွားကြောင်း နာဆာက ပြောကြားသည်။

ပြန်လည်ပြုပြင်

အဆိုပါ လွန်းပြန်ယာဉ်ပေါ်သို့ ဂေါက်သီးလုံးအရွယ် မိုးသီးများ ရွာချလိုက်၍ လွန်းပြန်ယာဉ်၏ ပြင်ပဆီလှောင်ကန်ပေါ်တွင် ချွတ်ယွင်းမှုများစွာ တွေ့ရှိခဲ့ရကြောင်း၊ ယင်းတို့ကို ပြန်လည်ပြုပြင်ရမည် ဖြစ်ကြောင်း နာဆာမှ ဆီလှောင်ကန်ဆိုင်ရာ မန်နေဂျာ ဂျွန်ချက်မန်က ပြောကြားသည်။

လွှတ်တင်

အဆိုပါ အတ္တလန္တစ်လွန်းပြန်ယာဉ်သည် ဧပြီလကုန် သို့မဟုတ် မေလဆန်းတွင် လွှတ်တင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာရှစ်သန်းကျော်တန် မင်္ဂလာဝတ်စုံ

ဒေါ်လာရှစ်သန်းကျော်တန် မင်္ဂလာဝတ်စုံ ဆင်မြန်းထားသော ကိုယ်ဟန်ပြမယ်တစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် မကြာမီက ကျင်းပခဲ့သည့် နိုင်ငံတကာ မင်္ဂလာဝတ်စုံများပြပွဲ၌ အိန္ဒိယနိုင်ငံမှ မင်္ဂလာဝတ်စုံဒီဇိုင်း ပြုလုပ်သူတစ်ဦး၏ မင်္ဂလာဝတ်စုံမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ သန်းတန်ကြောင်း သိရသည်။ ၎င်းမင်္ဂလာဝတ်စုံ၌ စိန်ပွင့်များ စီခြယ်ထားသည်။ **(အင်တာနက်)**

ကမ္ဘာ့အသေးငယ်ဆုံး ကတ်ကြေးနှင့် သင်တုန်းဓား

ကမ္ဘာ့အသေးငယ်ဆုံး ကတ်ကြေးနှင့်သင်တုန်းဓားကိုတွေ့ရစဉ်။ (ဝဲပုံ)

အိန္ဒိယနိုင်ငံ အလယ်ပိုင်း ကျေးရွာတစ်ရွာမှ ရွာသားတစ်ဦးက ပြုလုပ်ထားသော ကတ်ကြေးတစ်ခုမှာ အရှည် ၃ဒသမ ၁၂မီလီမီတာနှင့် သင်တုန်းဓားမှာ ၄ ဒသမ ၅၀ မီလီမီတာရှိရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ကတ်ကြေးနှင့် သင်တုန်းဓားတို့ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရာသီဥတုပြောင်းစေသည့် ကန်အစိုးရမူဝါဒများ လူ့အခွင့်အရေး ချိုးဖောက်ခြင်းဖြစ်ဟု ကန့်ကွက်

လန်ဒန် မတ် ၆

အမေရိကန်အစိုးရ၏ ရာသီဥတုပြောင်းလဲစေရေး မူဝါဒများက လူ့အခွင့်အရေးကို ချိုးဖောက်နေကြောင်း ကန့်ကွက်ရန် ဝါရှင်တန်မြို့သို့ အက်စကီးမိုးလူမျိုးစု ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာသည်။

တင်သွင်း

အမေရိကန်နိုင်ငံအနေဖြင့် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ (ကာဗွန်ဒိုင်အောက်ဆိုဒ်)လေထုတွင်း ထုတ်လွှတ်မှု ကန့်သတ်ထိန်းချုပ်ရန် တောင်းဆိုသည့် လျှောက်လွှာတစ်စောင်ကို အက်စကီးမိုး ကိုယ်စားလှယ်အဖွဲ့က လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်နိုင်ငံများကော်မရှင်သို့ တင်သွင်းလိုက်သည်။

မြင့်တက်

လေထုညစ်ညမ်းမှုကြောင့် ရေခဲများ အရည်ပျော်ပြီး အက်စကီးမိုးတို့၏ နေ့စဉ်ဘဝကို အကြီးအကျယ် ထိခိုက်သည်။ အာတိတ်ဒေသအပူချိန်မှာ ကမ္ဘာ့ပျမ်းမျှအပူချိန်၏ နှစ်ဆနီးပါး မြင့်တက်လျက်ရှိသည်။

များပြားလာ

ရေခဲများ အရည်ပျော်သဖြင့် အမဲလိုက်သူများမှာ အန္တရာယ်ကင်းသည့်ဟု ပုံမှန်ယူဆထားသည့် ရေခဲပြင်မှ ကျွံကျကာ ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးရခြင်းများ များပြားလာသည်ဆိုသည်။ **(အင်တာနက်)**

ဆောင်းနံနက်ခင်း

တက္ကသိုလ် ဟန်မင်းဦး၏ ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး စေတီတော်အနီး မုဆိုးတောင်ဘက်မှ ကျောက်ထပ်ကြီးသွားသော လမ်းခရီး၌ တွေ့ရသော အမြင်အာရုံကို လန်းဆန်းစေသည့် ဆောင်းနံနက်ခင်း ဓာတ်ပုံ၏ ဆွဲဆောင်မှု။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

မနောတိုင်များကို ဝိုင်းရံကနေသော ဓာတ်ပုံအယူအဆနှင့်မြင်ကွင်း တိုင်းရင်းသားတို့၏ စည်းလုံးမှုနှင့် ညီညွတ်မှုတို့ကို ဖော်ပြနေ

■ *ကျော်ဖုံးမှ*

ဓာတ်ပုံဆရာ တက္ကသိုလ်ဟန်မင်းဦး၏ ဓာတ်ပုံပေါင်း ၃၆ပုံကို စိတ်ဝင်စားဖွယ်ခင်းကျင်းပြသထားရာ အားလုံးသော ဓာတ်ပုံများမှာ မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်ကြီး၊အင်းလေး၊အင်းတော်ကြီး၊မြစ်ကြီးနား၊ချောင်းသာ၊ပဲခူး၊တွံတေး၊ ကျိုက်ထီးရိုးဘုရား စသည့် မြင်ကွင်းဓာတ်ပုံများ ဖြစ်သည်။

မနောပွဲ

ပြခန်းအတွင်း ဓာတ်ပုံများတွင် အဖြူအမည်း ဓာတ်ပုံလေးပုံနှင့် ရောင်စုံဓာတ်ပုံ ၃၂ပုံတို့ ပြသထားရာ **'မနောပွဲ'** ဟု အမည်ပေးထားသော ဓာတ်ပုံမှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပသည့် ရိုးရာမနောပွဲမြင်ကွင်းကို အပေါ်စီး မြင်ကွင်းမှ ရိုက်ယူထားသောပုံဖြစ်သည်။ မနောတိုင်များကို ဝိုင်းရံကနေသော တိုင်းရင်းသားတို့၏ လှုပ်ရှားမှုများသည် စည်းလုံးမှုနှင့် ညီညွတ်မှုတို့ကို ဖော်ပြနေသည်။ ဓာတ်ပုံအယူအဆနှင့် မြင်ကွင်းသည် အပိုအလိုမရှိ ကွက်တိဖြစ်လျက်ရှိသည်။

တစ်ဖန် **'ဆောင်းနံနက်ခင်း'** ရောင်စုံဓာတ်ပုံမှာလည်းကျိုက်ထီးရိုးစေတီတော်အနီး မုဆိုးတောင်ဘက်မှ ကျောက်ထပ်ကြီးဘက်သွားသည့် လမ်းခရီးမြင်ကွင်းဖြစ်သည်။ နံနက်ခင်းနေရောင်က လူနေတဲအိမ်လေးများပေါ် ကျရောက်နေပုံကို အမိအရ ရိုက်ယူထားခြင်းဖြစ်သည်။ တောင်စောင်း၊ တဲအိမ်၊ အလင်းရောင်များ စုစည်းမှုကောင်းလှသည်ဖြစ်ရာ အမြင်အာရုံလန်းဆန်းမှုကို ဖြစ်စေသည့် ဓာတ်ပုံကောင်းပင်ဖြစ်သည်။

သဘာဝအလှရှုခင်းကို ပီပီပြင်ပြင် ရိုက်ကူးထားသည့် အင်းတော်ကြီး၏ နေဝင်ချိန်ဆည်းဆာ ဓာတ်ပုံကလည်း လွမ်းမောစရာ။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ထို့အပြင် **'အင်းတော်ကြီး၏ နေဝင်ချိန်ဆည်းဆာ'** အမည်ရှိဓာတ်ပုံမှာလည်း အင်းတော်ကြီးကို စက်လှေဖြင့် ဖြတ်သန်းနေချိန်၊ တောင်စွယ်သို့ နေလုံးဝင်ရောက်ချိန်၊ ရေပြင်တွင် ဆည်းဆာအရိပ်ထင်နေပုံနှင့် နေဝင်ချိန် ငှက်များပျံသန်းနေပုံတို့မှာ အသက်ဝင်အောင် ရိုက်ပြနိုင်သည့် အဆင့်မြင့်ဓာတ်ပုံပင်ဖြစ်သည်။

လက်ရာကောင်း

'ရော်ဘာတောမှာ' အမည်ရှိ ရောင်စုံဓာတ်ပုံမှာလည်း တိုက်ကြီးမြို့ပန်းတစ်ပွင့်တောင်အနီး ရော်ဘာစိုက်ခင်းတစ်ခုမှ ရော်ဘာစေးများထုတ်ယူပြီး ပြန်လာသော အလုပ်သမများပုံဖြစ်သည်။ ရော်ဘာပင်များနှင့် အရိပ်များ၊ အလုပ်သမားနှင့် ထမ်းပိုးများမှာ ပေါင်းစပ်မှုကောင်းပြီး အမြင်ရှင်းလှသည်။ ကျွမ်းကျင်သော ဓာတ်ပုံဆရာတစ်ဦး၏ လက်ရာကောင်းဓာတ်ပုံပင်ဖြစ်သည်။

ရင်းနှီးခဲ့ရ

ယခုပြသထားသော ဓာတ်ပုံများမှာ အချိန်များစွာရင်းနှီးခဲ့ရသော၊ခရီးများစွာထွက်ခဲ့ရာမှ ရရှိခဲ့သောဓာတ်ပုံများဖြစ်ပြီး ဓာတ်ပုံပြပွဲမှ ရရှိသော ငွေကြေးများကိုလည်း ဘိုးဘွားရိပ်သာ၊ နာရေးကူညီမှုအသင်း၊ မိဘမဲ့ ကလေးများဂေဟာနှင့် အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေး အသင်းအဖွဲ့များသို့ အားလုံးလှူဒါန်းမည်ဖြစ်ရာ **'ဆယ်စုနှစ်တစ်နှစ်စွန်းဓာတ်ပုံပြပွဲ'** သည် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ခင်းကျင်းထားသော ဓာတ်ပုံပြပွဲဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၇-၃-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ အတီးပြိုင်ပွဲ
၈:၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၈။ အဆိုပြိုင်ပွဲ
၈:၂၀ ၉။ ရွှေလောင်းတံတား
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဥပဒေပညာအထူးပြု) [ဥပဒေပညာ]
၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀ ၆။ သီချင်းကြီးပဒေသာ
၁၇:၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၂။ Discovery
၁၉:၁၅ ၁၃။ **"သတင်းကောင်း" (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၁၉:၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉:၄၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာ့ရုပ်ရှင် **"နွေရူပ" (ဇော်ဝမ်း၊ ခင်သီတာထွန်း) (ဒါရိုက်တာ-မောင်တင်ဦး)**

မြန်မာ့အလင်း အင်တာနက် သတင်းအတိုအထွာ

အက်စတိုနီးယားဝန်ကြီးချုပ် အင်န်ဒရုပ်စ်အင်နဆစ်သည် မတ် ၄ ရက် ရွေးကောက်ပွဲရလဒ်အရ ဝန်ကြီးချုပ်အဖြစ် ပြန်လည်အရွေးချယ်ခံရကြောင်း မတ် ၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အရှေ့ဘက် မိုင် ၁၄၀ အကွာ ပွန်းဒေသ၌ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့နှင့် ဆက်နွှယ်သော လူ ၂၈၁ ဦးအား အိန္ဒိယရဲအဖွဲ့က ဖမ်းဆီးလိုက်ကြောင်း မတ် ၆ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

လာအိုနိုင်ငံမှ အသက် ၄၂ နှစ်ရှိ အမျိုးသမီးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လာအို၌သေဆုံးသည့် ပထမဆုံးအမျိုးသမီးဖြစ်လာကြောင်း တာဝန်ရှိသူများက ပြောကြားသည်ကို မတ် ၄ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့လယ် စာအုပ်များရောင်းချသည့် လူစည်ကားရာအရပ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၂၈ဦး သေဆုံးသွားကြောင်း မတ် ၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်မြောက်ပိုင်း၌ ဗို့အား ၁၁၀၀၀ ရှိသော လျှပ်စစ်ဝိုင်ယာကြိုးတစ်ချောင်း လူများပြည့်ကျပ်သော ဘက်စ်ကားတစ်စီးပေါ်သို့ ပြတ်ကျရာ လူနှစ်ဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိသွားကြောင်း မတ် ၅ ရက်က အင်တာနက်သတင်း၌ ဖတ်ရှုရသည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ဆော်ဆိုဂွန်ပြည်နယ်ရှိ ဘူလူဆန်မီးတောင်မှ မီးခိုးများမှုတ်ထုတ်နေကြောင်း၊ အနီးဝန်းကျင်နေ ပြည်သူများအား သတိပေးနှိုးဆော်မှုများပြုလုပ်ထားရကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်ကို မတ် ၅ ရက်က အင်တာနက်သတင်းတွင် တွေ့ရသည်။

(အင်တာနက်)

ရှေ့နေချုပ်ရုံးဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် မတ် ၆

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန်လည်းကောင်း၊ အများပြည်သူတို့၏ ယုံကြည်အားကိုးသည့် ဥပဒေရုံးများ ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ အများပြည်သူအတွက် ဥပဒေပါဝန်ဆောင်မှုပေးနိုင်ရန်လည်းကောင်း ရှေ့နေချုပ်ရုံးက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းတစ်ဦးဦးအနေဖြင့် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ငွေကြေး၊ပစ္စည်း၊ အခွင့်အရေးတို့ကို လက်ခံရယူခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော ပြုလုပ်ခြင်းများကို လုပ်ကိုင်သည့်အတွက် ထိခိုက်နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်သည်။

ယင်းတို့မှာ ရှေ့နေချုပ် ဖုန်း-၀၆၇-၄၀၄၀၈၈၊ ဒုတိယရှေ့နေချုပ်များ ဖုန်း-၀၆၇-၄၀၄၀၉၀၊ ၀၆၇-၄၀၄၀၉၂၊၀၆၇-၄၀၄၀၉၄၊ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၄၀၉၇၊ဖက်(စ်)၀၆၇-၄၀၄၁၄၆၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၄၁၄၇၊ဖက်(စ်)၀၆၇-၄၀၄၁၀၆၊ ရှေ့နေချုပ်ရုံး ရုံးအမှတ်(၂၅) နေပြည်တော်တို့ ဖြစ်သည်။ **(သတင်းစဉ်)**

တရားရုံးချုပ်ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် မတ် ၆

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် ထိန်းသိမ်းရသော တရားရုံးများတွင် အဂတိတရားကင်းရှင်းပြီး တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှုစသည့် လောကပါလတရားများ ဦးထိပ်ထား၍ ပြည်သူများ၏ ယုံကြည်အားကိုးမှုရရှိစေမည့် ဥပဒေနှင့်အညီ တရားစီရင်သောစနစ် ဖြစ်ထွန်းရေးအတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည်။ ယင်းရည်မှန်းချက် မပျောက်ပျက်စေရန်အတွက် တရားရုံးချုပ်က အစဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ တရားရုံးချုပ်နှင့် တရားရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးအနက် တစ်ဦးဦးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေး တို့ကို လက်ခံရယူ၍ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသောပြုလုပ်မှုများကို လုပ်ကိုင်လျှင်သော်လည်းကောင်း ထိခိုက်နစ်နာသူကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်သည်။

ယင်းတို့မှာ တရားသူကြီးချုပ် ဖုန်း-၀၆၇-၄၀၄၀၈၀၊ ဒုတိယတရားသူကြီးချုပ် ဖုန်း-၀၆၇-၄၀၄၀၇၁၊ ၀၁-၃၇၂၁၄၅၊ ဒုတိယတရားသူကြီးချုပ် ဖုန်း-၀၂-၃၂၁၅၄၊ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇- ၄၀၄၀၇၈၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၄၀၆၇၊ ဖက်(စ်)၀၆၇-၄၀၄၀၅၉ တရားရုံးချုပ်ရုံးအမှတ်(၂၄) နေပြည်တော်တို့ ဖြစ်သည်။

ယင်းသို့တိုင်ကြားလာလျှင် တရားရုံးချုပ်က မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူသွားမည်ဖြစ်သည်။ ပြည်သူများကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းအဆောက်အအုံ အချိန်မီပြီးစီးရေး ဆောင်ရွက် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး ဆွေးနွေး

ရန်ကုန် မတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မတ် ၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း တံတားကြီးရပ်ကွက် ရွှေပေါင်းသမိုင်းဝင် ကိုးဆူတောင် ဖောင်တော်ဦးဘုရား ဓမ္မလင်္ကာရကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ စန္ဒာဝရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ ကျောင်းဖြစ်မြောက်ရေးကော်မတီဝင်များ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ရပ်မိရပ်ဖများ၊ တိုင်းနှင့် မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးရာ တာဝန်ရှိသူများက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်သစ် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းသုံးပစ္စည်းများရရှိမှု၊ လိုအပ်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် အထွေထွေအတွင်းရေးမှူးက ကျောင်းအဆောက်အအုံကို အချိန်မီပြီးစီးရန် ဆောင်ရွက်ရေးနှင့် ကျောင်းနေနိုင်သည့်အရွယ် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ပြန်လည်တည်ဆောက်

အဆိုပါ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းမှာ ၁၉၆၀ပြည့်နှစ်ကစပြီး ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုအခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး မိသားစု၊ ဗဟိုအလုပ်အမှုဆောင်များနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ရပ်မိရပ်ဖများ၊ စေတနာရှင်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် ပြန်လည်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပရိယတ္တိသာသနာနုဂ္ဂဟအသင်း အာစိဏ္ဏကံ စုဘူးသိမ်း ရေစက်ချ

ရန်ကုန် မတ် ၆

ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး(ရန်ကုန်)၏ အကြိမ်(၂၁၀) မြောက် အာစိဏ္ဏကံ စုဘူးသိမ်း ရေစက်ချမင်္ဂလာ အခမ်းအနားကို မတ် ၂ရက် (တပေါင်းလပြည့်နေ့)မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ ဦးမောင်ကလေး-ဒေါ်ကျုပ် တန်ဆောင်း၌ကျင်းပရာ မရမ်းကုန်းမြို့နယ် သိရောမဏိဝိဇ္ဇောတာရုံ စာသင်တိုက် ပဓာန နာယကဆရာတော် မဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ဘဒ္ဒန္တဝိဇ္ဇောတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အကျိုးတော်ဆောင်ချုပ် ဦးအေးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြကာ **(အပေါ်ဝဲပုံ)** ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေး ဝေကြကြောင်း သိရသည်။

(က-ပ)

ဖြူးဆရာတော် ပြည်ပကြွရောက်

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅) ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာနှင့် ဖြူးမြို့ ပင်စင်လမ်းရှိ မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက၊ ဗဟုဇနဟိတဓရ သာသနဓဇ ဓမ္မာစရိယ) အရှင်သူမြတ်သည် မတ် ၃ ရက်တွင် ဗန်ကောက်မြို့သို့ ကြွရောက်ရာ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများက လေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။ (က-ပ)

ရခိုင်နွယ်ဖွား ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၆

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့(ရန်ကုန်) ကကြီးမှူး၍ အကြိမ် (၂၀) မြောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်နွယ်ဖွား သံဃာတော်အရှင်သူမြတ် (၂၄)ပါးနှင့် အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးတို့အား ချီးကျူးဂုဏ်ပြုပွဲ မင်္ဂလာအခမ်းအနားကို မတ် ၃ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းက အခမ်းအနားဖွင့် စာတမ်းဖတ်ကြားပြီး စစ်တွေမြို့ မဏိရတနာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသောမထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက ရွတ်ပွားသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ် ဘဒ္ဒန္တ သုစိတ္တာဘိဝံသက ဂုဏကရပူဇနိယဂါထာဖြင့်လည်းကောင်း၊ အဆိုတော် ဒေါ်စိန်စိန်အေးက မင်္ဂလာပိုဒ်စုံရတုဖြင့်လည်းကောင်း ချီးကျူး ပူဇော်ကြပြီး ဒုတိယနာယကချုပ် ဦးမင်းကြည်က သာသနာတော်ဆိုင်ရာများ လျှောက်ထားကာ ဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာပဏ္ဍိတ သုံးပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ တစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သုံးပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ကိုးပါး၊ ဂန္ထဝါစကပဏ္ဍိတ တစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ လေးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ တစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ နှစ်ပါးနှင့် မဟာသီရိသုဓမ္မသီဂိဘွဲ့တံဆိပ်တော်ရ ဒေါက်တာကြည်ကြည်ဆွေ(သမ္မတနိဗ္ဗာန်ကုန်နှင့်သက်န်းတိုက်)တို့၏ ထေရုပ္ပတ္တိတို့ကို ဖတ်ကြားကာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်များကို ဆက်ကပ်လှူဒါန်း ချီးမြှင့်ကြသည်။

(ဝဲပုံ) (သတင်းစဉ်)

လျှပ်စစ်စွမ်းအားသည် လူတန်းစားအလွှာအသီးသီးအတွက် အရေးကြီး ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ဖြန့်ဖြူးပေးနိုင်ရန်လို

ရန်ကုန် မတ် ၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ်၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ရုံးခန်းမတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ကွမ်းခြံကုန်းခွဲရုံမှ 33 KV/ 11 KV ဓာတ်အားလိုင်းဖြင့် လျှပ်စစ်ဓာတ်အား ရရှိမှု၊ မြို့ပေါ်ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာ ၆၂ ရွာအား ထရန်စဖော်မာ ၁၃လုံးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှု၊ မီတာခကောက်ခံရရှိမှုနှင့် မီးလေးမျိုးပေးဝေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ရန်ကုန်မြို့တော်၏ မြို့တွင်း၊ မြို့ပြင်ပတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ တိုးချဲ့ဖွင့်လှစ်ပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိစေရေးအတွက် ဆောင်ရွက်နေကြောင်း၊ ရန်ကုန် မြို့ပြင်၊ မြို့နယ်များအနေဖြင့် ယခု ရန်ကုန်မီးပေးနေမှုအတိုင်း မီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ စက်စွမ်းအားဖြင့် ကုန်ထုတ်လုပ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိချိန် ညှိနှိုင်းဆောင်ရွက်ဖြည့်ဆည်းပေးလိုကြောင်းဖြင့် ပြောကြားသည်။

(အောက်ပုံ)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ ရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဦးက ကွမ်းခြံကုန်းမြို့ ရပ်ကွက်နှင့် ကျေးရွာတို့အား ရွာမဓာတ်အားပေးစက်ရုံမှ 33 KV ဓာတ်အားလိုင်းဖြင့် လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် လျှပ်စစ်စွမ်းအားသည် လူတန်းစားအလွှာအသီးသီးအတွက် အရေးကြီးသဖြင့် ပြည်သူများအားလုံး လျှပ်စစ်အသုံးဝင်မှု၊ လျှပ်စစ်ဓာတ်အား အရသာကို သိရှိနေကြပြီဖြစ်သောကြောင့် မိမိတို့ဝန်ထမ်းများအားလုံးက လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝနှင့် မှန်မှန်ကန်ကန် ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ပညာရေးဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းပညာရေးမှူး(စီမံ)ဦးဖုန်းမြင့်လွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃ရက် မွန်းလွဲပိုင်းက ပြည်မြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပန်းချီအနုပညာခန်း၊ သိပ္ပံခန်း၊ e-Education Learning Centre နှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်သော်ခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ထမ်းများ တွေ့ဆုံပွဲကို တက်ရောက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မတ် ၄ ရက် နံနက်ပိုင်းတွင် ပြည်မြို့ ပညာရေးကောလိပ်သို့ ရောက်ရှိပြီး ကျောင်းသူများ နေထိုင်သည့် အဆောင်များ၊ စားသောက်ဆောင်၊ စားဖိုဆောင်၊ အဆောင်များတည်ရှိမှု အနေအထား၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အရည်အသွေးမြင့်မားရေး

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆရာ ဆရာမများ၊ သင်တန်းသူများအား တွေ့ဆုံ၍ ဆရာဆရာမများ အရည်အသွေးမြင့်မားရေးနှင့် သင်တန်းသူများအား အရည်အသွေးမြင့်မားအောင် မွေးထုတ်ပေးရေး၊ စာပေ၊ ဂီတ အနုပညာများ တတ်ကျွမ်းအောင် လေ့ကျင့်သင်ကြားပေးရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်တိုင်း မီးသတ် ဦးစီးဌာနမှူး၏ စီမံကွပ်ကဲမှုဖြင့် အလုံမြို့နယ် လွတ်လပ်ရေး ရပ်ကွက်၊ သီရိမင်္ဂလာ ဥယျာဉ် အိမ်ရာဝင်း မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောပွဲတွင် မြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန် ဌေးဝင်းက ဂက်(စ်)မီးဖိုမီးလောင်မှု လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြသစဉ်။ (က-ပ)

မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ၊ မြတ်ဆရာများအား ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၃၁ရက်(စနေနေ့) ညနေ ၆နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးရောက် တပည့်ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ပျဉ်းမကန် စံပြကျေးရွာ ဖုန်း-၂၄၇၀၀၆ လိုင်းခွဲ ၂၆၊၁၉၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၀၉၄၈၂၊ ၀၉-၅၁-၅၈၉၀၃၊ ၅၇၃၅၈၅ လိုင်းခွဲ ၂၁၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စက်ပစ္စည်းအစိတ်အပိုင်းများကို စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ် စက်စွမ်းအားပြည့် လည်ပတ်၊ အမယ်သစ်များ တီထွင်ကြံဆ

နေပြည်တော် မတ် ၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၂) လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်)ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံအထွေထွေ မန်နေဂျာ ဦးသိန်းအောင်က စက်ပစ္စည်း အလုပ်ရုံ၌ လယ်ထွန်စက် အစိတ်အပိုင်းများ၊ စက်ခုတ်စားထုတ်လုပ်နေမှုများနှင့် ထုတ်လုပ်ပြီးလယ်ထွန်စက်များ အသင့်ရောင်းချရန် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးက စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် လယ်ထွန်စက်များနှင့် နောက်တွဲယာဉ်များကို လျာထားချက်ပြည့်မီစေရန်ထုတ်လုပ်ရေး၊ အရည်အသွေးပြည့်မီစေရေးအတွက် စမ်းသပ်မှုများ ပြုလုပ်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့နည်းရေး၊ အလေအလွင့် နည်းပါးရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီချွေတာရေး တို့ကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် မတ် ၄ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း အနောက်ပိုင်း ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (ထုံးဘို)ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးတင့်လွင်က စက်ပစ္စည်းအလုပ်ရုံ၌ စက်ပစ္စည်းအစိတ်အပိုင်းများ စက်ခုတ်စား ထုတ်လုပ်နေမှုများနှင့် အင်ဂျင်အစိတ်အပိုင်းများ တပ်ဆင်နေမှုများအား လိုက်လံရှင်းလင်းတင်ပြသည်။

တီထွင်ကြံဆ

ဝန်ကြီးက စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး၊ စက်ပစ္စည်းအမယ်သစ်များ တီထွင်ကြံဆထုတ်လုပ်နိုင်ရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မတ် ၆ ရက်က ရွှေတိဂုံစေတီတော် (၄၇၄)ကြိမ်မြောက် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေ ဝေယျာဝစ္စ အလှူတော်ငွေများ ရေစက်ချ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် မိသားစုများက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၆

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက် အမှာစကား ပြောကြားသည်။

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ယင်းအစည်းအဝေးသို့ သာသနာရေး ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်များမှ သာသနာရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် သာသနာရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်းက လည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့်စပ်လျဉ်း၍ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်ကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆောင်ရွက်ချက်

ဆက်လက်၍ ပြည်နယ်၊ တိုင်း သာသနာရေးမှူးများက သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများ၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တာဝန်ရှိသူအသီးသီးက ကလေးမြို့ နေရဉ္စရာ လူငယ်ပျိုးခင်း သင်တန်းကျောင်းနှင့် ပခုက္ကူမြို့ တောင်ဇလပ်လူငယ်ပျိုးခင်း သင်တန်းကျောင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားကာ နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကဝဆရာတော် အထူးတရားပွဲများ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော်၏ တပည့် ကဝဆရာတော် အရှင်ဝဏ္ဏိသရ (ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)ဖြူးမဟာစည် နယ်လှည့် ဓမ္မကထိက အရှင်သူမြတ်သည် မတ် ၉၊ ၁၀ ရက် (၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၇၊ ၈) ရက် ညများတွင် ဧရာဝတီတိုင်း ကျုံပျော်မြို့ လေ့ဆွဲ ဗုဒ္ဓပူဇနိယပွဲတော်၌ လည်းကောင်း၊ မတ် ၁၃၊ ၁၅ ရက်များတွင် ကဝမြို့နယ် ကဒါတ်စိန် စံပြကျေးရွာ၌ လည်းကောင်း၊ မတ် ၁၈ ရက်ညတွင် ခရမ်းမြို့ သင်္ကာယ်ကုန်း စတုတ္ထအကြိမ် တရားပွဲ၌ လည်းကောင်း၊ မတ် ၂၀၊ ၂၁ ရက်တို့တွင် ကဝမြို့ ကံလှကျေးရွာ၌ လည်းကောင်း၊ (တန်ခူးလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်) ဧပြီ ၁၊ ၂ ရက် ညများတွင် ကဝမြို့ အောင်ဆုပန် ဦးဝင်းရှိန်-ဒေါ်သန်းသန်းဆင့် အလှူပွဲတို့တွင် လည်းကောင်း ညစဉ် ၇နာရီမှ စ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြီး တရားပွဲပင့်ဆောင်လိုသူများသည် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဖုန်း-၀၁- ၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆၊ လိုင်းခွဲ- ၁၈၁ တို့သို့ ဆက်သွယ်ပင့်ဆောင်နိုင်ကြောင်း သိရသည်။

(က-ပ)

ရှင်သာမဏေဓမ္မဗိမာန် ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၆

ပထမတန်းမှ နဝမတန်း ဖြေဆိုပြီးသော ကျောင်းသား/သူများအတွက် နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက် အလယ်ပစ္စယာ အနီး ရှင်သာမဏေ ဓမ္မဗိမာန်၌ သာသနာ့ဝန်ဆောင်အဖွဲ့က ကြီးမှူး၍ မတ် ၁၇ ရက်မှ ၂၅ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းချိန်မှာ နံနက် ၇နာရီခွဲမှ ၁၁ နာရီခွဲအထိဖြစ်ပြီး သင်တန်းကို အတန်းသုံးတန်းခွဲ၍ ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများအတွက် အုပ်ထိန်းသူများ အနေဖြင့် ဖုန်း-၃၈၇၃၆၁ သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းသားများအတွက် အာဟာရဒါနလှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

(က-ပ)

မြို့နယ်သာသနာ့ဗိမာန်အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့က ဦးဆောင်၍ မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ရေး ဆရာတော်များအဖွဲ့က ကြီးမှူးဆောက်လုပ်မည့် မြို့နယ်သာသနာ့ဗိမာန်အတွက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် နှောင်းတန်ခူး လဆန်း ၄ ရက်) မတ် ၂၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် မြို့နယ်သာသနာ့ဗိမာန်မြေနေရာ ယာယီမဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။ အလှူတော်ငွေများကို တေဇာရာမကျောင်း ဖုန်း-၀၅၅-၂၀၂၁၄၊ မစိုးရိမ်ကျောင်း ဖုန်း-၀၅၅- ၂၀၂၃၅၊ မင်းကျောင်းကြီး ဖုန်း-၀၅၅-၂၀၂၁၆၊ ပုညရံသီမဟာစည်ရိပ်သာ ဖုန်း-၀၅၅-၂၀၂၁၇ ကျောင်းများရှိ ကပ္ပိယကာရကအဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး မြို့နယ်သာသနာ့ဗိမာန်တည်ဆောက်ရေး ဆရာတော်များ၏ ဩဝါဒခံအကျိုးဆောင် ကပ္ပိယကာရကအဖွဲ့ တေဇာရာမကျောင်း တိုက်ကြီးမြို့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မီးဘေးချောင်
မလောင်ခင် တား

ပြည်နယ်/ တိုင်းရုံးနှင့် သိုလှောင်ရုံများ စနစ်တကျထိန်းသိမ်းရန် စစ်ဆေး

နေပြည်တော် မတ် ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက်တွင် မုံရွာမြို့၌ စစ်ကိုင်းတိုင်းရုံးနှင့်သိုလှောင်ရုံကိုလည်းကောင်း၊ ၂၈ရက်တွင် ဟားခါးမြို့၌ ချင်းပြည်နယ်ရုံးနှင့် သိုလှောင်ရုံကို လည်းကောင်း၊ မတ် ၂ ရက်တွင် မန္တလေးတိုင်း ဦးစီးမှူးရုံးနှင့် သိုလှောင်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံးမှုမရှိအောင် စနစ်တကျ ထိန်းသိမ်းရန်နှင့် သဘာဝဘေးများဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီထောက်ပံ့ရေး စီစဉ်ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလယ်ကျွန်း မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၆

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် အလယ်ကျွန်းရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အာစရဝံသကျောင်းဆရာတော် အရှင်ရာဇိန္ဒနှင့် အရှင်စန္ဒဝံသ(ဝန်းသို) အရှင်မြတ်တို့က တန်ခူးလဆန်း ၁၄ ရက်မှ တန်ခူးလပြည့်ကျော် ၆ရက် (မတ်လ ၃၁ရက်မှ ဧပြီ ၇ရက်)အထိ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(က-ပ)

တောင်ဥက္ကလာပမြို့နယ် အမှတ် (၂၈)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက်က ကျောင်းခန်းမတွင် ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ပြည့်ဖြိုးသူအား ကျောင်းအုပ်ဆရာကြီး ဦးသောင်းရွှေက ဆုချီးမြှင့်စဉ်။ (၂၀၀)

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒဂုံတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ဝန်ကြီးဗိုလ်ချုပ်စောထွန်း လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး
ရာသီမရွေးသွားလာနိုင်အောင် လုပ်ဆောင်ရန်မှာကြား

ရန်ကုန် မတ် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ရန်ကုန်-ပုသိမ် လမ်းအတိုင်း ထွက်ခွာခဲ့ကြပြီး လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူပြင်ဆင်မွမ်းမံလျက်ရှိသည့် မိုင်တိုင် ၁၇ မိုင် ခြောက်ဖာလုံ လုပ်ငန်းခွင်သို့ရောက်ရှိကြရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးက မိမိတာဝန်ယူရသည့် လမ်းအပိုင်း၊ ကတ္တရာရေပိတ်လွှာလောင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လမ်းသားကို သတ်မှတ်စံချိန် စံညွှန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လှိုင်သာယာ စက်မှုဇုန်အမှတ်(၅) လမ်းမကြီးမှ ဒလ-တွံတေး ကားလမ်းသို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးအောင်ထွန်းက လက်ရှိလမ်းအခြေအနေ ယခုဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပံ့ပိုး

ယင်းနောက် ဝန်ကြီးက ဤလမ်းမှာ ဧရာဝတီတိုင်း၊ ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်းမြို့များမှ ရန်ကုန်သို့ ဆက်သွယ်သွားလာနိုင်သည့် အဓိကလမ်းတစ်လမ်းဖြစ်၍ ရာသီမရွေး သွားလာနိုင်အောင် လုပ်ဆောင်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။

အချိန်နှင့်တစ်ပြေးညီ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ဒဂုံတံတားတည်ဆောက်ရေး စီမံကိန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူး ဦးတင့်လွင်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကိုရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လုပ်ငန်းကို စနစ်တကျနှင့် အချိန်နှင့် တစ်ပြေးညီ စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ကြရန်နှင့် ချဉ်းကပ်လမ်း မြေကြီးလုပ်ငန်း ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းတို့ကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ဘက်ကမ်းမှ တံတားကြီးပေါ်သို့ တက်ရောက်၍ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများ လွှန်းထိုးနေရာချခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒဂုံတံတားသည် သံကူကွန်ကရစ် R. C. D ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတား၏ စုစုပေါင်း အရှည်ပေ ၄၅၄၀ နှင့် ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီ နှစ်ဖက်ပါရှိပြီး ယာဉ်တစ်စီးခြင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

(သတင်းစဉ်)

ဘီလီယက်နှင့် စနူကာပြိုင်ပွဲစတင်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲနှင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ရွေးချယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားသည်။

ပြိုင်ပွဲကို မတ် ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စိန်ရတု(အကြို)ဓမ္မသဘင် ကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် ဓမ္မရိပ်သာလမ်း တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း ဘုန်းတော်ကြီးကျောင်းများ ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရမဟာထေရ်၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ပူဇာမင်္ဂလာကို ၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၁၅ရက် (မတ် ၁၇)ရက် စနေနေ့တွင် တပည့်ဒါယကာ ဒါယိကာမများစုပေါင်း၍ ကျင်းပပူဇော်မည်ဖြစ်ရာ (အကြို) ဓမ္မသဘင်အနေဖြင့် မတ် (၁၄ရက်၊ ၁၅ရက်နှင့် ၁၆ရက်)များတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော)ဆရာတော်၊ ပိဋကတ်တစ်ပုံခွဲဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်) ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ မဟာစည်နာယက ဘဒ္ဒန္တဝါသဝ(မြစ်သား) ဆရာတော်တို့က ညစဉ် ၇ နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ(နည်းပြ)သင်တန်းဖွင့်ပွဲများ
ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်

နေပြည်တော် မတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၃ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့ ရန်ကြီးအောင် ခန်းမ၌ကျင်းပသော ရွှေဘိုမြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ (နည်းပြ)သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထောက်ပံ့ငွေပေး

ထိုမှတစ်ဆင့် ဗဟို အလုပ်အမှုဆောင်နှင့် အဖွဲ့သည် ခင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ (နည်းပြ)သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ထောက်ပံ့ငွေပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ရေဦးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပသည့် အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာ (နည်းပြ) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းထောက်ပံ့ငွေနှင့် ရေဦးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဘတ်စကက်ဘောကွင်း တည်ဆောက်ရန်အတွက် ငွေကျပ် ၂၀၉၀၀၀၀ ကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဘတ်စကက်ဘောကွင်း တည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဘိလပ်မြေအိတ် ၄၀ အတွက် ငွေကျပ် ၂၄၀၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ မြို့မိမြို့ဖများက ငွေကျပ် ၁၅၀၀၀၀၊ အထက(၁) မိဘဆရာအသင်းက ငွေကျပ် ၁၀ သိန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးတင့်အောင်-ဒေါ်သန်းမြင့် မိသားစုက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး ဘတ်စကက်ဘောကွင်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သင်ကြားပို့ချ

ယနေ့ကျင်းပသည့် ရွှေဘိုမြို့နယ်အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ (နည်းပြ)သင်တန်းသို့ သင်တန်းသား ၁၅၁ ဦး၊ ခင်ဦးမြို့နယ်တွင် ၁၂၇ ဦး၊ ရေဦးမြို့နယ်တွင် ၁၁၂ ဦးတို့ တက်ရောက်ကြပြီး ရွှေဘိုခရိုင် အတွင်းရှိ ကျန်ငါးမြို့နယ်၌ ဖွင့်လှစ်မည့် နည်းပြသင်တန်းများသို့ ၅၇၅ ဦး တက်ရောက်ကြမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟို အလုပ်အမှုဆောင်နှင့် အဖွဲ့သည် ရေဦးမြို့နယ် အင်တောကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျေးလက်ဖွံ့ဖြိုးရေးအခြေစိုက်စခန်းနှင့် ကျေးလက်တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ အခြေစိုက်စခန်းအတွက် မဂ္ဂဇင်းမျိုးစုံနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံမှာကြား

ယင်းနောက် ဗဟို အလုပ်အမှုဆောင်သည် အင်တောကျေးရွာအလယ်တန်းကျောင်းအတွင်း ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ မှာကြားသည်။

ဆက်လက်၍ အင်တော၊ ပန်းကုန်းနှင့် ဖန်းခါးဇင်ကျေးရွာတို့မှ အသင်းဝင်အဆိုပြုလွှာ ၁၅၇၅ စောင်ကို ပေးအပ်ရာ တိုင်းအသင်း အတွင်းရေးမှူးက လက်ခံသည်။

လှူဒါန်း

ယင်းနောက် ဗဟို အလုပ်အမှုဆောင်က အင်တောကျေးရွာ အခြေစိုက်စခန်းအတွက် ၂၁ လက်မရောင်စုံ ရုပ်မြင်သံကြားစက်တစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး ဒေသခံတစ်ဦးက အသင်းဝင်အဆိုပြုလွှာ ပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငလျင်လှုပ်မှုကြောင့် ဆူမတြား အနောက်ပိုင်း ပါဒန်မြို့ရှိ နေအိမ်အချို့ ပျက်စီးသွားသည်ကို မတ် ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း **အင်တာနက် ဖောင်ပိတ်သတင်း**

ဆူမတြားကျွန်းတွင် အင်အားပြင်း ငလျင်နှစ်ကြိမ်လှုပ် အနည်းဆုံး ၈၂ဦး သေဆုံး၊ နေအိမ်အများအပြား ပြိုကျ

ဂျကာတာ မတ် ၆

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် မတ် ၆ရက်က အင်အားပြင်းငလျင် နှစ်ကြိမ်လှုပ်ခဲ့ရာ အနည်းဆုံး လူ ၈၂ဦး သေဆုံးသွားကြောင်း၊ နေအိမ်များရာနှင့်ချီ၍ ပြိုကျပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ မြေငလျင်သည် ဆူမတြားကျွန်း ပါဒန်မြို့အနီး၌ ဗဟိုပြုလျက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၉မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမမြေငလျင်မှာ အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၃ ရှိပြီး ဒုတိယငလျင်မှာ ယင်းဒေသ၌ပင် အင်အား ၆ဒသမ ၀ ရှိကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာ လေ့လာရေးဌာနက ပြောကြားသည်။

ယင်းငလျင်လှုပ်မှုများမှ သေဆုံးသူအရေအတွက် တိုးလာဖွယ်ရှိကြောင်း၊ လူအများအပြား အပျက်အစီးများ အောက်တွင် ပိနေကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အဆိုပါ မြေငလျင်များအနက် ပထမငလျင်မှာ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၄၉မိနစ်တွင် လှုပ်ခဲ့ပြီး ဒုတိယငလျင်မှာ နှစ်နာရီအကြာ ယင်းဒေသ၌ပင် ထပ်မံလှုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်ကြောင့်သေဆုံးမှု

အင်ဒိုနီးရှားနိုင်ငံတွင် မြေငလျင်လှုပ်မှုနှင့် ဆူနာမိကြောင့် သေဆုံးမှုများဖြစ်ပေါ်ခဲ့ရာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ရက်က ဆူမတြားကျွန်းတွင် ၉ဒသမ၁ရှိ ငလျင်လှုပ်ပြီး ဆူနာမိဖြစ်ပေါ်မှုကြောင့် လူပေါင်း ၁၃၀၀၀၀သေဆုံးခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် မေလ ၂၇ရက်တွင် ယော့ယာကာတာမြို့အနီး အင်အား ၆ဒသမ၂ငလျင်လှုပ်ခဲ့ရာ လူပေါင်း ၅၀၀၀ သေဆုံးခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် ဇူလိုင် ၁၇ရက်တွင် ဂျာဗားပြည်နယ်၌ အင်အား ၇ဒသမ၇ ငလျင်လှုပ်ပြီး ဆူနာမိဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၅၀၀သေဆုံးခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဆူမတြား၌ အင်အား ၅ဒသမ၇ရှိ ငလျင်လှုပ်ခဲ့ရာ လူခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

မတ် ၅ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခန်းမ၌ အရင်းမပျောက်မတည်ငွေများ ပေးအပ်ပွဲတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က ရပ်ကွက်အသင်းခွဲများသို့ မတည်ငွေများ ပေးအပ်စဉ်။

(က-ပ)

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် မတ် ၆

ယနေ့ မြန်မာစံတော်ချိန် ၁၀ နာရီ ၂၄ မိနစ် ၅၂ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၂၅၀ ခန့် ကွာဝေးသော နေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၆ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိကြောင်း ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

ကျန်းမာရေးအတွက်စားသုံးဆီ

ပါမောက္ခဒေါက်တာပိုင်စိုး

အစာအာဟာရများတွင် အဆီဓာတ်ဟူ၍ ပါဝင်သကဲ့သို့ အစာများချက်ပြုတ်ရာတွင်လည်း စားသုံးဆီသည် မပါမဖြစ်သော အစာတစ်ခုဖြစ်ပေသည်။ နေ့စဉ်စားသုံးနေကျ အစာအာဟာရများမှ ရရှိသော ကယ်လိုရီစွမ်းအင်များမှာ အဆီမှ ၂၅-၃၅ ရာခိုင်နှုန်း၊ ကာဘိုဟိုက်ဒြိတ်မှ ၅၀-၇၀ ရာခိုင်နှုန်း၊ ပရိုတိန်းဓာတ်မှ ၁၀-၁၅ ရာခိုင်နှုန်း ရရှိပါသည်။ သွေးထဲရှိ ကိုလက်စထရောလ် ၅၀ ရာခိုင်နှုန်းခန့်သည် လူတို့၏ခန္ဓာကိုယ်တွင် တည်ဆောက်နိုင်ပြီး ၅၀ ရာခိုင်နှုန်းကသာလျှင် အစားအစာမှ ရရှိပါသည်။

"အဆီများကို လျှော့စားပါ"၊ "အဆီဓာတ်နည်းသော အစာများကိုသာ စားသင့်သည်"စသည့် လမ်းညွှန်မှုများကို လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် လူအများ သိရှိခဲ့ကြသော်လည်း ယခုအခါတွင်မူ စားသုံးမည့် အဆီအမျိုးအစား မှန်ကန်စွာ ရွေးချယ်တတ်ရန်မှာ ပိုမိုအရေးကြီးကြောင်း သိရှိလာရပေသည်။

အဆီနှင့် ကိုလက်စထရောလ်များသော အစားအစာများသည် နှလုံးရောဂါ၊ ကင်ဆာရောဂါ ဖြစ်ပွားမှုများနှင့် ဆက်နွယ်မှုရှိသည်ဟု ယခင်ကတည်းက သိရှိခဲ့ပြီး ကိုလက်စထရောလ်ပါဝင်သော အစားအစာများကို ဆီးချိုရောဂါရှိသူများသည် အထူးလျှော့ချ၍ စားသုံးသင့်ကြောင်း သိရှိရပါသည်။

အာရှနှင့် အာဖရိကတိုက်များတွင် လူအများစုသည် ဆီအရည်ဟု ခေါ်ဆိုနိုင်သော Unsaturated fatty acid ပါဝင်သော မြေပဲဆီ၊ နှမ်းဆီ၊ မုန်ညင်းဆီ၊ သစ်ဆိမ့်ဆီ၊ နေကြာစေ့ဆီတို့ကို အများဆုံး စားသုံးကြပါသည်။ ဥရောပနှင့်အမေရိက စသော အနောက်နိုင်ငံများတွင် ဆီအခဲဟု ခေါ်ဆိုသော Saturated fatty acid ပါဝင်သော ထောပတ်၊ ဒိန်ခဲ၊ အမဲဆီတို့နှင့် ဆီအရည်ဖြစ်သော သံလွင်ဆီ၊ ပြောင်းဆီ၊ ဝါစေ့ဆီတို့ကို အများဆုံးသုံးစွဲခဲ့ကြရာ နှလုံးရောဂါနှင့် သွေးတိုးရောဂါများ အဖြစ်များကြောင်းကို တွေ့ရှိခဲ့ကြသဖြင့် အဆီနှင့်ဆက်စပ် သုတေသနများကို ပိုမိုပြုလုပ်လာကြရာမှ အဆီ၏အန္တရာယ်များကို တဖြည်းဖြည်း ပိုမိုသိရှိလာကြရသည်။ ထို့ကြောင့် ဆီအခဲများကို စားသုံးလျှင် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါနှင့် အဝလွန်ရောဂါတို့ ဖြစ်ပွားနိုင်သောကြောင့် ပြည့်ဝအဆီကို စားသုံးရန် မသင့်၊ အသက်အန္တရာယ်ရှိသည်ဟူသော တိုက်တွန်းသံ၊ ဝေဖန်သံများ ကမ္ဘာတစ်ဝန်းတွင် သောသောညံ လာရပေသည်။

သို့ရာတွင် ယခုအခါ အဆီများနှင့်ပတ်သက်၍ ပိုမိုလေးနက်သော သုတေသနများ ပြုလုပ်လာသောအခါ အဆီများသည် ကျန်းမာရေးအပေါ်တွင် အာနိသင်နှစ်မျိုးရှိနိုင်ကြောင်း သိရှိလာရပါသည်။ အချို့သော အဆီများမှာ အသက်အန္တရာယ်ဖြစ်စေ၍ ရှောင်ရှားသင့်သလို၊ အချို့မှာလည်း ကောင်းသောအဆီဖြစ်၍ ခန္ဓာကိုယ်ကို အကျိုးဖြစ်သောကြောင့် စားသုံးသင့်ကြောင်း၊ သို့သော် ခန္ဓာကိုယ်မှလိုအပ်သော ကယ်လိုရီပမာဏအတွင်းသာ စားသုံးသင့်ပြီး အဆီစားသုံးမှုများပါက မည်သည့် အဆီအမျိုးအစားပင်ဖြစ်စေ ကိုယ်အလေးချိန် တိုးလာပါမည်။

ကိုလက်စထရောလ် (Cholesterol)

၁၉၅၀ ပြည့်နှစ်မှစ၍ ၁၉၈၀ ပြည့်နှစ်အတွင်း ဆီအခဲများစားသုံးမှုနှင့် သွေးတိုးရောဂါ၊ နှလုံးရောဂါတို့ ဆက်စပ်မှုရှိနေကြောင်းကို ပညာရှင်များက ပိုမိုသိရှိလာခဲ့ကြသည်။ ကိုလက်စထရောလ် အနှစ်များသည် သွေးကြောများ၏ အတွင်းနံရံများတွင် တွယ်ကပ်ထားပြီး ချေဖျက်ရန်ခက်ခဲသော အခဲ (Plaque)များ ဖြစ်ပေါ်စေသဖြင့် သွေးကြောလေးများကို ကျဉ်းမြောင်းစေပြီး သွေးသွားလာမှုကို နှေးစေ၊ ပိတ်စေပါသည်။ ၎င်းကို သွေးကြောမာခြင်း (Artherosclerosis) ဟု ခေါ်ပါသည်။ ၎င်းဖြစ်စဉ်သည် နှလုံးကြွက်သားများအား အာဟာရပေးနေသော သွေးကြော(Coronary arteries)များတွင် အထူးသဖြင့် ဖြစ်ပေါ်တတ်ပြီး ၎င်းတို့ကြောင့် သွေးကြောငယ်များမှ နှလုံးအတွက် သယ်ဆောင်လာသော အောက်ဆီဂျင်နှင့် အာဟာရများ တဖြည်းဖြည်း လျော့ကျ ပြတ်တောက်လာသောအခါ နှလုံးကြွက်သားများ နာကျင်မှုကိုဖြစ်စေပြီး နှလုံးအောင့်ခြင်း (Angina)ကို ခံစားရပါသည်။ ထို့ပြင် ၎င်းအဆီခဲ (Plaque)များ သွေးကြော နံရံမှ ပြုတ်ထွက်ပြီး အခြားသွေးကြောများတွင် သွားရောက်ပိတ်ဆို့ခြင်းကြောင့် လေဖြတ်ခြင်း၊ နှလုံးနာကျင်ခြင်း၊ နှလုံးခုန်ရပ်၍ ရုတ်တရက် သေဆုံးခြင်းများ ဖြစ်ပွားတတ်ပါသည်။

သိပ်သည်းဆနည်းသော လိုင်ပိုပရိုတိန်း (Low Density Lipoproteins)

သိပ်သည်းဆနည်းသော လိုင်ပိုပရိုတိန်း (LDL) များ သွေးထဲတွင်များနေပါက နှလုံးသွေးကြောများတွင် စုပုံ၍ သွေးကြောမာခြင်း၊ သွေးကြောပိတ်ခြင်းများ ဖြစ်နိုင်သောကြောင့် မကောင်းသောအဆီ (bad cholesterol)ဟု ခေါ်ဆိုကြသည်။

သိပ်သည်းဆများသော လိုင်ပိုပရိုတိန်း (High Density Lipoproteins)

သိပ်သည်းဆများသော လိုင်ပိုပရိုတိန်း (HDL) သည် သွေးထဲမှကိုလက်စထရောလ်များကို လျော့နည်းစေသဖြင့် ၎င်းကို ကောင်းသောအဆီ (good cholesterol)ဟု ဆိုကြသည်။ သို့ဖြစ်၍ LDL များပြီး HDL နည်းလျှင် သွေးကြောမာ၊ သွေးကြောပိတ်နှင့် နှလုံးရောဂါ (heart attack)များ ပိုမိုဖြစ်နိုင်ချေရှိပါသည်။

သွေးထဲရှိ ကိုလက်စထရောလ်ပမာဏသည် အစားအသောက်ထဲရှိ ကောင်းသောအဆီနှင့် မကောင်းသော အဆီများ ပါရှိမှုအပေါ်တွင် မူတည်နေပေသည်။ အသက် ၂၀နှင့်အထက် လူတစ်ယောက်တွင် သွေးထဲရှိ စုစုပေါင်း ကိုလက်စထရောလ်မှာ 200 mg/dl ထက်နည်း၍ HDL မှာ 40 mg/dl ထက်များပြီး LDL မှာ 100mg/dl ခန့်လောက်သာ ရှိသင့်သည်ဟု အမျိုးသား ကိုလက်စထရောလ် ပညာပေးရေးအစီအစဉ်မှ ချမှတ်ထားပေသည်။

မကောင်းသောအဆီ (Bad Fats)

အချို့ မကောင်းသော အဆီများသည် သွေးထဲရှိ ကိုလက်စထရောလ်ပမာဏများကို ပိုမိုများစေပါသည်။ ၎င်းတို့မှာ ပြည့်ဝအဆီ(Saturated Fat)များ ဖြစ်ပြီး အများစုမှာ တိရစ္ဆာန်အဆီများဖြစ်သည်။ မကောင်းသော အဆီကို အမဲဆီ၊ ဝက်ဆီ၊ ထောပတ်၊ မလိုင်မထုတ်ရသေးသော နွားနို့၊ ဒိန်ခဲ၊ ရေခဲမုန့်၊ ကြက်ငှက်တို့၏ အရေခွံများနှင့် ကြက်ဥအနှစ်များတွင် တွေ့ရှိရသည့်အပြင် အုန်းနို့၊ အုန်းဆီနှင့် စားအုန်းဆီ တို့တွင်လည်း များစွာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ပြည့်ဝအဆီ (Saturated Fat)များသည် သိပ်သည်းဆ နည်းသော အဆီ (LDL) ကို များစေ၍ ကျန်းမာရေးအတွက် ဆိုးကျိုး ဖြစ်စေပါသည်။

ပြောင်းလဲဆီ (Trans Fat)

၎င်းအဆီသည် အဆီများတွင်အဆိုးဆုံး၊ အန္တရာယ်အများဆုံးနှင့် ကျန်းမာရေးထိခိုက်မှုအရှိဆုံး အဆီဖြစ်သည်။ ၎င်းအဆီသည် ဟင်းရွက်ဆီနှင့်အခြားဆီများအား အခဲဖြစ်စေခြင်း၊ ထပ်တလဲလဲ အပူပေးခြင်းကြောင့် Hydrogenation ဓာတ်ပြောင်းလဲမှု ဖြစ်ပေါ်လာပြီး Trans Fat ဟု ခေါ်သောအဆီ (ပြောင်းလဲဆီ)အဖြစ် ထွက်ပေါ်လာသည်။

Trans Fatမှာ ခဲအောင်ပြုလုပ်ထားသော အဆီများ(မာဂျရင်း)၊ အစာများကို မကြာခဏ အပူပေး၍ ကြော်လှော်ပြီးသား ဆီများ၊ အပူပြင်းစွာပေးထားသော အဆီများထဲတွင် နှစ်၍ကြော်ခြင်း (ဥပမာ-အာလူးချောင်းကြော်၊ ကြက်ကြော်)တို့တွင် အများဆုံး ပါဝင်ကြောင်း တွေ့ရှိရသည်။ အကြော်ခံဆီနှင့် ပြန်ကြော်ဆီတို့တွင် ပြောင်းလဲဆီ (Trans Fat)များ ပါရှိနေသောကြောင့် စားသုံးရန်မသင့်ကြောင်း အများဆုံးတွေ့ရသည်။ ၎င်းအဆီသည် မကောင်းသောအဆီ (LDL)နှင့် Triglyceride ကို များစေပြီး ကောင်းသောအဆီ (HDL)ကို ကျဆင်းစေသဖြင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ဆီးချိုနှင့် အခြားသောရောဂါ ဖြစ်ပွားစေနိုင်သောကြောင့် စားသုံးသူများသည် ပြောင်းလဲဆီ (Trans Fat)ကို စားသုံးရန် မသင့်ကြောင်း တွေ့ရှိရပါသည်။

ကောင်းသောအဆီသည် လူတို့လိုအပ်သော စွမ်းအင်ကိုထုတ်ပေးခြင်း၊ စိတ်အတက်အကျ ဖိစီးမှုကို ခံနိုင်ခြင်း၊ အာရုံစူးစိုက်နိုင်ခြင်း၊ မှတ်ဉာဏ်နှင့် စွမ်းရည်တိုးတက်ခြင်း၊ မျက်စိအမြင်အားကောင်းခြင်း၊ အရေပြား၊ ဆံပင်၊ လက်သည်း၊ ခြေသည်းတို့ကို စိုပြည်ချောမွေ့စေခြင်း၊ ကင်ဆာနှင့်ဆီးချိုရောဂါ ဖြစ်ပွားမှုနည်းစေခြင်း၊ နှလုံးသွေးကြောရောဂါ ဖြစ်ပွားမှု ကျဆင်းစေခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းများ ရောင်ရမ်းမှုကို ကျစေခြင်း၊ အနာကျက်စေခြင်း၊ အရိုးပါးခြင်းကို ကာကွယ်ခြင်း၊ အိပ်ပျော်ခြင်း၊ အသည်းနှင့်ကျောက်ကပ်၏ လုပ်ငန်းဆောင်တာများ ပိုမိုကောင်းမွန်စေခြင်းတို့ကို ဖြစ်စေပါသည်။

Polyunsaturated fat နှင့် Monounsaturated fat တို့သည် မပြည့်ဝအဆီ (ကောင်းသောအဆီ)များ ဖြစ်သည်။ Polyunsaturated fat သည် နေကြာစေ့ဆီ၊ ပြောင်းဖူးဆီနှင့် ပဲပုပ်ဆီတို့တွင် အများဆုံးပါဝင်ပြီး Monounsaturated fat သည် မြေပဲဆီနှင့် သံလွင်ဆီတို့တွင် အများဆုံးပါဝင်ပါသည်။ ၎င်းတို့ကို စားသုံးခြင်းဖြင့် မကောင်းသောအဆီ (LDL) ကို ကျစေပြီး Monounsaturated fat သည် ကောင်းသောအဆီ (HDL)ကို တက်စေပါသည်။ ဟင်းသီးဟင်းရွက်မှ ရသော အဆီများသည် ကိုလက်စထရောလ် လုံးဝပါဝင်ခြင်းမရှိဘဲ တိရစ္ဆာန်အဆီများတွင်သာ ကိုလက်စထရောလ် ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ဝက်ဆီတွင် ကိုယ်လက်စထရောလ် ၃၀၀၀ မှ ၄၀၀၀ ppm ပါဝင်၍ ဟင်းရွက်ဆီများတွင် လုံးဝ မပါဝင်ကြောင်း တွေ့ရှိရပါသည်။

ကောင်းသော အဆီများသည် ပြင်းထန်သော နေရောင်ခြည်၊ လေသလပ်ခြင်း၊ ပြင်းထန်သော အပူဓာတ်တို့နှင့် ကြာရှည်စွာ ထိတွေ့သောကြောင့် မကောင်းသော အဆီအဖြစ်သို့ ပြောင်းလဲသွားနိုင်သဖြင့် ကောင်းသောအဆီများကို မှန်ကန်သောနည်းစနစ်ဖြင့် ထုပ်ပိုးသိမ်းဆည်းထားရန် လိုအပ်ပါသည်။

ငါးအဆီနှင့် ကျန်းမာရေး

ငါးအဆီတွင် Alpha - linolenic acid (Omega-3)ပါဝင်ပြီး နှလုံးရောဂါ ဖြစ်ပွားမှုလျော့နည်းစေကြောင်း တွေ့ရှိရပါသည်။ ငါးအဆီသည် သွေးတွင်းရှိ ဆဲလ်များ သွေးကြောများအတွင်း တွယ်ကပ်မှုမရှိစေရန်နှင့် သွေးခဲများ မဖြစ်ပေါ်စေရန် ဟန့်တားပေးသဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ငါးနှင့် ငါးအဆီတို့ကို စားသုံးခြင်းဖြင့် နှလုံးရောဂါကြောင့် ရုတ်တရက် သေဆုံးမှုမှ ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ သုတေသန တွေ့ရှိချက်များအရ တစ်ပတ်လျှင် ငါးကို တစ်ဆယ် ကျပ်သားခန့် စားသုံးလျှင်ပင် နှလုံးရောဂါကြောင့် သေဆုံးခြင်းကို ၃၆ ရာခိုင်နှုန်းအထိ လျော့နည်းစေကြောင်း တွေ့ရှိရပါသည်။ နှလုံးရောဂါရှိသူများသည် တစ်နေ့လျှင် Omega-3 တစ်ဂရမ်ကို သုံးနှစ်ခွဲကြာအောင် စားသုံးခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးခြင်းကို ၂၅ ရာခိုင်နှုန်းအထိ လျော့နည်းစေကြောင်း သုတေသနများတွင် တွေ့ရှိရပါသည်။ ၎င်းOmega-3 တစ်ဂရမ်သည် ငါးများကို တစ်ကြိမ်စားလျှင် တစ်ဆယ်ကျပ်သားနှုန်းဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်စားခြင်းနှင့် ညီမျှကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ငါးများ (သို့မဟုတ်) ပင်လယ်စာများကို တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်စားသုံးသင့်ကြောင်း တွေ့ရှိရပြီး၊ ကိုယ်ဝန်ဆောင်မိခင်များတွင် ငါးကို တစ်ပတ်လျှင် နှစ်ဆယ်ကျပ်သားထက် ပိုစားပါက ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေသည်ဟု ဆိုကြသည်။ စားသုံးသင့်သော ငါးများမှာငါးသလောက်၊ ငါးသေတ္တာငါး၊ ငါးကွမ်းရှပ်တို့ကဲ့သို့သော ငါးများ ဖြစ်ပါသည်။

အဆီကြောင့်ဖြစ်ပွားတတ်သောရောဂါများ

ခန္ဓာကိုယ်အတွင်းရှိ အဆီများတွင် မကောင်းသော အဆီများကြောင့် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ သားအိမ်ကင်ဆာနှင့် Non Hodgkin's lymphoma(ပြန်ရည်ကျိတ်ကင်ဆာ) စသည့် ရောဂါများသည် အဆီစားသုံးမှုနှင့် ဆက်သွယ်နေကြောင်း တွေ့ရှိရသည်။

ယေဘုယျအားဖြင့် မပြည့်ဝဆီ (Unsaturated Fat)များ ဥပမာ- ပဲဆီ၊ နှမ်းဆီများကို ဟင်းချက်ရာတွင် အသုံးပြုသင့်သည်။ မကြာခဏ ပြန်ကြော်မည့် အစားအစာများ၊ အပူရှိန်ပြင်းပြင်းနှင့် ခပ်ကြာကြာ ကြော်မည့် အစာများ ကြော်လှော်ရာတွင် လည်းကောင်း၊ စားသောက်ဆိုင်များတွင် လည်းကောင်း၊ အသုံးပြုမည့်ဆီသည် ပြောင်းလဲဆီ (Trans Fat)အဖြစ် ပြောင်းလဲခြင်း နည်းပါးမည့် စားအုန်းဆီကို သုံးသင့်ပါသည်။

စားသုံးဆီများတွင် ပါဝင်သော အဆီအမျိုးအစားများကို ဖော်ပြသောဇယား

ဆီ	ပြည့်ဝဆီ	Monounsaturated (မပြည့်ဝဆီ)	Polyunsaturated (မပြည့်ဝဆီ)	ပြောင်းလဲဆီ	ကိုလက်စထရောလ်
နှမ်းဆီ	၁၄	၄၄	၄၂	၀	၀
ဆူးပန်းဆီ	၉	၁၂	၇၄	၀	၀
နေကြာဆီ	၁၀	၂၀	၆၆	၀	၀
ပြောင်းဆီ	၁၃	၂၄	၆၀	၀	၀
သံလွင်ဆီ	၁၃	၇၂	၈	၀	၀
ပဲပုပ်ဆီ	၁၆	၄၄	၃၇	၀	၀
မြေပဲဆီ	၁၇	၄၉	၃၂	၀	၀
စားအုန်းဆီ	၅၀	၃၇	၁၀	၀	၀
အုန်းဆီ	၈၇	၆	၂	၀	၀
ချက်ပြုတ်ဆီ					
အဆီခဲ၊ (Shortening)	၂၂	၂၉	၂၉	၁၈	
ဝက်ဆီ	၃၉	၄၄	၁၁	၁	၃၅၀၀ ppm
ထောပတ်	၆၀	၂၆	၅	၅	

အထက်ဖော်ပြပါ ဟင်းရွက်ဆီများတွင် ပြောင်းလဲဆီ(Trans Fat)ပါဝင်ခြင်း မရှိပါ။ လူတို့၏ ပြုလုပ်မှုကြောင့်သာ (Trans Fat)အဖြစ်သို့ ပြောင်းလဲသွားခြင်း ဖြစ်ပါသည်။

နေကြာဆီနှင့် နှမ်းဆီတို့သည်လည်း ကျန်းမာရေးအတွက် ကောင်းမွန်သည်ဟု ဆိုကြသည်။ မြန်မာနိုင်ငံအတွက်မူ သန့်စင်သော မြေပဲဆီစစ်စစ် အသုံးပြုရန် သင့်လျော်ပေသည်။

၎င်းဆီများတွင် Omega- 3 အများဆုံးပါဝင်ပြီး၊ ကိုလက်စထရောလ်ကို အစာအိမ်မှ စုပ်ယူခြင်းအား ကာကွယ်သည်။ ကောင်းသောဆီကို ဟင်းသီးဟင်းရွက်အစိမ်းများမှ လည်းကောင်း၊ အခွံမာသီးနှင့် အစေ့များမှ လည်းကောင်း၊ ငါးများမှ လည်းကောင်း ရရှိနိုင်ပါသဖြင့် ၎င်းတို့ကို နေ့စဉ် စားသုံးသင့်ပါသည်။ အခွံမာ အသီးများထဲတွင် သစ်ကြားသီးသည် မကောင်းသော အဆီကြောင့် ဖြစ်ပွားသော သွေးကြောရောင်ရမ်းခြင်းကို ပျောက်ကင်းစေသည်ဟု သုတေသနအချို့က ဆိုသည်။

အချုပ်အားဖြင့်ဆိုရလျှင် အဆီများအားလုံးကို ရှောင်ရန်မလိုဘဲ ကောင်းသောအဆီဖြစ်သည့် မပြည့်ဝဆီ (Unsaturated Fat)များကို စားသုံးနိုင်ပါသည်။ စားသုံးရာတွင်လည်း မိမိတစ်နေ့လိုအပ်သော ကယ်လိုရီပမာဏထက် မကျော်လွန်စေဘဲ စားသုံးရပါမည်။ အဆီမှ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာကျောင်းများစစ်ဆေး ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ်(၁)နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး သင်ကြားပြီးစီးမှုအပေါ် ပုံမှန်စစ်ဆေးမှု၊ အခန်းဆုံးစစ်ဆေးမှု၊ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ရေနှင့်မိလ္လာ စနစ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် မှာကြားသည်။

မှာကြားဖြည့်ဆည်း

ထိုမှတစ်ဆင့် ဝန်ကြီး နှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေး၍ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ ရေနှင့် မိလ္လာစနစ်ကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မိခင်ဒေါ်စောတင်အားရည်စူး၍ ဖခင်ဦးသာဒွန်း(ဖိုးသာဒွန်း-မုံရွာ) အား အမှူးထား၍ ရန်ကုန်မြို့ ဗဟန်း ရွှေတောင်ကြား(၂) အမှတ် ၁၄ / ဘီ / ၃ နေ သမီး ဒေါ်ဝါဝါ မိသားစုက သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် စိန်ဖူးတော်၊ ထီးတော်အတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် ဦးသိန်းဦးတို့က လက်ခံယူစဉ်။ (က-ပ)

သစ်လုပ်ငန်းရှင်များအသင်း အသင်းဝင်လိပ်စာ ပေးပို့ကြရန် နှိုးဆော်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အသင်းဝင်များ၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများသည် ရုံးလုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေရေးအတွက် မိမိတို့၏ လက်ရှိလိပ်စာ၊ ဖုန်းနှင့် Fax နံပါတ်များကို မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉)ရှိ UMFCCI Office Tower Fax ၂၁၄၈၄၀သို့ အမြန်ဆက်သွယ် ပေးပို့ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်

ရရှိမည့် ကယ်လိုရီ ပမာဏသည် ကာဘိုဟိုက်ဒြိတ်နှင့် ပရိုတိန်းတို့မှ ရရှိမည့် ပမာဏ၏ နှစ်ဆခန့် ရှိပါသည်။ ပြည့်ဝဆီ (Saturated Fat)နှင့် ပြောင်းလဲဆီ (Trans Fat)များကို တတ်နိုင်သမျှ ရှောင်ကြဉ်ရပါမည်။ အများဆုံး စားသုံးသင့်သောအဆီမှာ Polyunsaturated နှင့် Monounsaturated Fat များ ဖြစ်ပါသည်။

Trans Fat များကို ရှောင်ရန်မှာ အဆီအနည်းငယ် သုံး၍ ဖုတ်ထားသော Bakery အစာများ (ဥပမာ ကိတ်မုန့်၊ ကွတ်ကီ)၊ ဆီများများနှင့် ထပ်တလဲလဲ ပြန်ကြော်ထားသော (Deep fried) အစာများ၊ အသင့် စားသုံးရန် ပြင်ဆင်ထားသောအစာများ (ဥပမာ-အာလူးကြော်၊ ဆီကြော်မုန့်၊ စည်သွတ်ဘူးများ)ကို ရှောင်ရှားရပါမည်။ ဟင်းရွက်ဆီဖြစ်သော်လည်း အကြော်ခံဆီအဖြစ် အသုံးပြုသောဆီများ၊ ထပ်တလဲလဲ ကြော်လှော်ထားပြီးသော ဆီများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရန် သင့်ပါသည်။ စားသောက်ဆိုင်များတွင်လည်း ပြန်ကြော်ဆီ(Trans Fat)များကို ပြန်လည် အသုံးမပြုရန်၊ ပညာပေးရန် လိုအပ်ပါသည်။ အဓိကမှာ မပြည့်ဝဆီများဖြစ်သော မြေပဲဆီ၊ ပဲဆီ၊ ဖွဲနုဆီ၊ သံလွင် ဆီ၊ ပဲပုပ်ဆီ၊ ပြောင်းဖူးဆီ၊ ဝါစေ့ဆီများကို စားသုံးသင့်ပါသည်။

အသက်အရွယ်မရွေး၊ အထူးသဖြင့် ကလေးများပါ အပါအဝင် အသင့်ပြင်ဆင်ရောင်းချသော အစားအစာ များဖြစ်သည့် ဝက်အူချောင်း၊ ကြက်အူချောင်း၊ အသား ညှပ်ပေါင်မုန့်၊ အစာသွပ်ပေါင်မုန့်၊ ဆာလာမီ၊ အာလူး ကြော်၊ ကြက်ကြော် စသော အစားအစာများကို ရှောင်ကြဉ်သင့်ကြောင်း၊ လတ်ဆတ်သော အသီးအနှံများကို အစားထိုး စားသုံးသင့်ကြောင်း စေတနာထား၍ တိုက်တွန်းအကြံပြုလိုက်ရပါသည်။ ။

ရှမ်းပြည်နယ် အင်းလေးဒေသမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ညောင်ရွှေမြို့နယ် မိုင်းသောက် ပထမကျောင်းစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသအား ရန်ကုန်ရောက် အင်းသူအင်းသားများက ဂုဏ ပူဇာသဘင်ကို မတ် ၄ရက်က ရွှေတိဂုံဘုရားလမ်းရှိ အင်းလေးဓမ္မာရုံ၌ကျင်းပရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် ပင့်သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။ (က-ပ)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၆

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဧပြီ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နှစ်ပတ်လည် အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ဈေးရောင်းပွဲတော်တွင် အသင်းသူများ၏ ထုတ်ကုန်ပစ္စည်းများကို စုပေါင်းရောင်းချနိုင်မည်ဖြစ်၍ အသင်းသူများ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓမ္မပီယ ရိပ်သာ သင်္ကြန် တရားစခန်း ဖွင့်မည်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလလမ်း ဓမ္မပီယရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တရားစခန်းပွဲကို ဓမ္မပီယဆရာတော်ဦးစီး၍ ၁၃၆၈ခု တန်ခူးလပြည့်ကျော် ၁၁ရက်မှ ၁၃၆၉ခု ကဆုန်လဆန်း ၇ရက် (ဧပြီ ၁၂ရက်မှ ၂၂ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် အရှင်ပညာစာရ၊ အရှင်ပဏ္ဍိစ္စ၊ အရှင်ယသဓမ္မ၊ အရှင်သုမင်္ဂလတို့က ဝိပဿနာ အလုပ်ပေးတရားများ ဟောကြားကြမည်ဖြစ်သည်။ တရားဝင်လိုသော ယောဂီများ ကြိုတင် စာရင်းပေးသွင်း၍ ဧပြီ ၁၂ရက် ညနေတွင် စခန်းဝင်ကြရမည်ဖြစ်သည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အအေးလှူဒါန်းလိုသော စေတနာရှင်များသည် ဓမ္မပီယရိပ်သာ ဖုန်း-၅၇၈၅၇၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မတ် ၁၈ရက်မှ ၂၅ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သီဟ(ပုသိမ်) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ မတ် ၁၇ ရက်(စနေနေ့) ညနေ ၅နာရီအရောက် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်

စစ်ကိုင်းမြို့ မဟာသုဇာတာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနာရဒအား ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်ရှိ ဓမ္မဗိမာန်ဆောင်တွင် ကျင်းပရာ ဆရာတော်က ဩဝါဒကထာမိန့်ကြား၍ ဒါယကာ၊ ဒါယိကာမများက ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပူဇော်ကြသည်။

ဂုဏ်ပြုပူဇော် အကြိုတရားပွဲ

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဓမ္မပါလ ကြားတောရကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ မုနိန္ဒအား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခြင်း ခံရ၍ အကြိုတရားပွဲအဖြစ် ပြည်တွင်း၊ ပြည်ပ သာသနာပြု ဓမ္မကထိက (သာမဏေကျော် ဓမ္မာစရိယ လေးဘွဲ့ရ) သပြေကန် ဆရာတော်အရှင် တေဇာနန္ဒာဘိဝံသက ၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်(မတ်၉ရက်)သောကြာနေ့ ည၇နာရီတွင် ဓမ္မပါလကျောင်းတိုက်၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

ကြို့ပင်ကောက် ဓမ္မရိပ်သာတရားစခန်းပွဲ

ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ပဓာနဆရာတော် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ နရိန္ဒာစာရ၏ ဩဝါဒကို ခံယူ၍ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၃၂)ဓမ္မရိပ်သာကြီးတွင် မတ် ၁၀ ရက်မှ ၁၄ ရက်အထိ စတုတ္ထအကြိမ်မြောက် ပဋိစ္စသမုပ္ပါဒ်သင်တန်းကို ဓမ္မကထိက ဆရာတော်လေးပါးက ဦးစီးပြီး ကျောင်းသားလူငယ် ၂၀၀ အား ဟောပြောမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးမြင့်သိန်း ဖုန်း-၀၅၃-၅၀၅၂၈သို့ ဆက်သွယ်နိုင်သည်။

မြန်မာ့အလင်း

ပြည်တွင်းသတင်း အတိုအထွာ

အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

ရှမ်းပြည်နယ် (တောင်ပိုင်း)လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်လှိုင်က လုပ်ငန်းရှင်များနှင့် ယာဉ်ပိုင်ရှင်များအား အခွန်ဥပဒေဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

သောက်သုံးရေဖူလုံရေး ရေပိုက်လိုင်းများသွယ်

မင်းတပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့်ဝန်ထမ်းများ မြို့သောက်သုံးရေ ဖူလုံရေးအတွက် ၁၄ မိုင် မူလောင်းချောင်းမှ ရေပိုက်လိုင်းများ သွယ်တန်းခြင်းကို ဖေဖော်ဝါရီ ၁၃ ရက်က စုပေါင်း ဆောင်ရွက်ကြသည်။

စီမံခန့်ခွဲမှုနှင့် စည်းရုံးရေးဆင့်ပွား သင်တန်းဖွင့်

ကသာခရိုင် ထီးချိုင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးပြီး ရပ်ကွက်၊ ကျေးရွာအမှုဆောင်များ စီမံခန့်ခွဲမှုနှင့် စည်းရုံးရေး(အခြေခံ)ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ရွှေကူစည်ပင် မြို့တွင်းလမ်း ကျောက်ချောခင်း

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း လမ်းများကောင်းမွန်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ရန် လျာထားသော အမှတ်(၁) ရပ်ကွက်အတွင်းရှိ သရဖီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ ဖေဖော်ဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြ

ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဇန်နဝါရီ ၂၉ ရက်က ဧရာဝတီတိုင်း ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ဖျာပုံခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းနိုင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုအဆင့်ဆင့်ကို ရှင်းလင်းပြီး လက်တွေ့မီးငြိမ်းပြသကြောင်း သိရသည်။

အမှုဆောင်စွမ်းရည်မြှင့် သင်တန်းဆင်း

ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင် စွမ်းရည်မြှင့် သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်အသင်းရုံး ပြည်ထောင်စုခန်းမ၌ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးအေးက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

လင်းခေးတွင် ကျောက်ချောလမ်း ဖွင့်ပွဲကျင်းပ

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုသောအားဖြင့် လင်းခေးမြို့ မြို့မအနောက်ရပ်ကွက်တွင် ခင်းကျင်းပြီးစီးခဲ့သော အရှည် ၁၇၂၂ပေရှိ ကတ္တရာလမ်းသစ်နှင့် ၃၂၅ ပေရှည်သော ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဦး၊ ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထိုနေ့ဖွင့်လှစ်လိုက်သော ကတ္တရာခင်းလမ်းသစ်နှင့် ကျောက်ချောလမ်းသည် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေ ၆၆သိန်းဖြင့် အကုန်အကျခံ၍ ခင်းကြောင်း သိရသည်။

ကမ်းလွန်ရေနံရှာဖွေရန် တိုင်းတာရေးဆောင်ရွက်နေစဉ် ငါးဖမ်းရေယာဉ်များ ငါးဖမ်းခြင်းမပြုရန်သတိပေး

ရန်ကုန် မတ် ၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကမ်းလွန်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E&P Myanmar သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD(7)တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SV Zephyr-1 ဖြင့် ၂၀၀၇ ခုနှစ် မတ် ၈ ရက်မှ ဧပြီ ၂၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၅၄ဒသမ၈၄၈၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ၃၀မိနစ် ၃ဒသမ၉၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၁မိနစ် ၄၇ဒသမ၉၇၅၀၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂၂မိနစ် ၄၀ဒသမ ၂စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၁မိနစ် ၉ ဒသမ၈၂၂၆၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ၂၂မိနစ် ၂၆ ဒသမ ၅ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၀ မိနစ် ၃၉ ဒသမ ၁၅၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂ မိနစ် ၅၂ ဒသမ ၁ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၃၉ ဒသမ ၅၄၁၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၂၉ မိနစ် ၅၄ ဒသမ ၆ စက္ကန့်တို့အတွင်းတွင် ဖြစ်ပါသည်။

အသိပေးကြေညာ

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD(7) တွင် တိုင်းတာရေး ရေယာဉ် SV Zephyr-1 ဖြင့် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ် ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **(သတင်းစဉ်)**

အမှတ် ၁၁၃(ဒု-ထပ်)၊ လသာလမ်း၊ လသာမြို့နယ်နေ ဦးပေါက်ပေါ်-ဒေါ်ကျင်လှ၊ သား ကိုသိန်းအောင်-မသက်နိုင်စော၊ မြေး မသဇင်ထက်၊ မသဇင်ထွန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

မြို့သန့်ရှင်းရေးနှင့်ရေစီးရေလာကောင်းမွန်ရေး ဗိုလ်မှူးချုပ်အောင်သိန်းလင်းကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းဆုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက မဟာဗန္ဓုလလမ်းနှင့် လမ်းမတော် လမ်းဘေးရေနုတ်မြောင်းများနှင့် မဟာဗန္ဓုလလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် သိမ်းဆည်းနေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှိုင်မြို့နယ် မြန်မာ့ထီးစက်ရုံ အင်းစိန်လမ်းဘေး ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် သိမ်းဆည်းနေမှုကို လည်းကောင်း၊ အင်းစိန်လမ်း အဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူ ချောမွေ့စေရေးတို့အတွက် လှိုင်မြို့နယ် ပါရမီလမ်းဆုံမှ ကမာရွတ်မြို့နယ် လှည်းတန်း လမ်းဆုံအထိ ကတ္တရာ ကွန်ကရစ်ထပ်ပိုးခင်းနေမှုကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ့ကွန်ဗင်းရှင်းစင်တာဘေး၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ်(၁၈)ပေရှိ Royal Ruby Jade Hotel ယာဉ်ရပ်နားရာနေရာ အဝင်လမ်းဖောက်လုပ်၍ ကျောက်ချော ကတ္တရာခင်းရန် ဆောင်ရွက်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကျန်းမာရေးနှင့် ညီညွတ်သော မြို့တော်ဖြစ်စေရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ကိုးဘွဲ့ရဆရာတော် မတ်လခမ္မသဘင်

ရန်ကုန် မတ် ၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် မတ် ၁၁ရက်တွင် ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး အထူးတရားပွဲ၊၁၂ရက်နှင့်၁၃ရက်တို့တွင် ကော့မှူးမြို့ပေါ် မလွန်ခမ္မဗိမာန်ဆန်လှူ ရေစက်ချပွဲ၊၁၄ရက်နှင့်၁၅ရက်တွင် ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာ မလွန်ဆန်လှူပွဲ၊၁၆ရက်တွင် အလုံမြို့နယ် ကွင်းကျောင်းစာသင်တိုက်ရှင်ပြုအလှူပွဲ၊ ၁၇ရက်နှင့် ၁၈ရက် တို့တွင် ပုသိမ်မြို့နယ် ရဟန်းဒကာဦးလှဟန် ရဟန်းအမ ဒေါ်ခင်သန်းရွှေ ကျောင်းရေစက်ချပွဲ၊ ၁၉ရက်၊ ၂၀ရက်နှင့်၂၁ရက်တို့တွင် ဝေါမြို့နယ် ဖိုးစိန္တာစုကျေးရွာ ဦးအေးသိန်း-ဒေါ်ရွှေတို့၏ မိဘကျေးဇူးဆပ် အထူးပွဲ၊ ၂၂ရက်တွင် လှည်းကူးမြို့နယ် ဇရပ်ကွင်းရွာ ရှင်ပြုအလှူပွဲ၊ ၂၃ရက်တွင် မုံရွာမြို့နယ် ညောင်ဖြူပင်ရွာ ကိုးချောင်း ဘုရားထီးတော်တင်အောင်ပွဲ နှင့် ညနေဆည်းဆာတွင် ဆရာတော်အရှင်ဇနိန္ဒသာရ(မုံရွာနေဇာ)ဘွဲ့တံဆိပ်တော်ရ ပူဇော်ပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက်ရရှိပြီးသူများသည် ကိုးဘွဲ့ရဆရာတော်ထံ တိုက်ရိုက် ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၉၉-၇၀၄၈၆၊၀၁-၇၀၈၄၀၃ တို့သို့ ကြိုတင်ဆက်သွယ်ကြရန် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မိုးလေဝသအခြေအနေ

၇-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

ရန်ကုန်

ရန်ကုန်နှင့်အနီးတစ်ဝိုက်တွင် တိမ် အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးနှင့် အနီးတစ်ဝိုက်တွင် အများ အားဖြင့် သာယာမည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

သကြ်န်တွင်း ၁၀ ရက် အလိုတော်ပြည့်တရားစခန်း

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမဏ္ဍိုင်သာ အလိုတော်ပြည့်ကျောင်းတိုက်အတွင်း၌ (၁၃၆၈ ခုနှစ်၊တန်ခူးလပြည့်ကျော် ၆ရက်မှ ကဆုန်လဆန်း ၁ ရက်အထိ) ဧပြီ ၇ရက်မှ ၁၆ ရက်အထိ ၁၀ရက် ဝိပဿနာအလုပ်ပေးတရားစခန်းတွင် Dr. ဘဒ္ဒန္တ အရိယဝံသ၊ Dr. of Tripitaka(India), Ph.D(Philosophy, Italy)၊ အဂ္ဂမဟာပဏ္ဍိတ၊ မဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပရိယတ္တိသာသနဟိတဓရ၊ ပုဂံညောင်ဦး၊ နယ်စပ်ဒေသနှင့် ပြည်တွင်း ပြည်ပသာသနာပြု အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိ ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော် ကိုယ်တိုင် အခြေခံဝိပဿနာ အလုပ်ပေးတရား ဟောကြားမည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်လိုသော ယောဂီများအနေဖြင့် ဖုန်း-၀၁-၅၆၅၃၃၇၊ ၅၄၈၈၆၁ သို့ အချိန်မီ ဆက်သွယ်စာရင်းပေးသွင်းကြရန် အသိပေးနှိုးဆော်ထားသည်။ **(က-ပ)**

ပဲခူးတိုင်း ရွှေကျင်မြို့နယ်နှင့်မုံးမြို့နယ်တို့တွင် မိုင်းပေါက်ကွဲသဖြင့်အပြစ်မဲ့ပြည်သူနှစ်ဦးဒဏ်ရာရရှိ

ရန်ကုန် မတ် ၆

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ရပ်ရွာအေးချမ်းသာယာမှု၊တရား ဥပဒေစိုးမိုးမှုနှင့်ပြည်သူလူထု၏ လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းကျေးရွာနေ ဦးထွန်းထွန်းဦးသည် အဖော်တစ်ဦးနှင့်အတူ မတ် ၄ ရက် နံနက် ၉နာရီခန့်တွင် ထင်းခုတ်ရန်သွားရောက်စဉ် ရွှေကျင်မြို့နယ် ပန်းအင်းရွာအနီးလှည်းလမ်းပေါ်၌ မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေထောက် ခြေမျက်စိအောက်ပိုင်းပြတ် ဒဏ်ရာရရှိခဲ့သည်။

ပဲခူးတိုင်း မုံးမြို့ ၆ရပ်ကွက်နေ မောင်ဇော်လင်းထွန်းသည်အဖော်နှစ်ဦးနှင့်အတူ မတ် ၄ရက်နံနက် ၁၀နာရီခွဲခန့်တွင် ဝါးခုတ်သွားစဉ် သကြ်န်တောင်အနီး၌ မိုင်းတစ်လုံး နင်းမိသဖြင့် ခြေထောက်နှစ်ဖက်စလုံးနှင့်မျက်နှာတို့၌ ဒဏ်ရာများရရှိခဲ့သည်။

ဒဏ်ရာရရှိသူနှစ်ဦးအားရွှေကျင် မြို့နယ်ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ နှင့် မုံးဆေးရုံတို့သို့ တင်ပို့ကုသ၍ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး ယခုကဲ့သို့အများပြည်သူ သွားလာလှုပ်ရှားတတ်သည့်နေရာများတွင် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ပြည်သူလူထုက ရွံ့မုန်းလျက်ရှိကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၆

မြန်မာဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. ကအဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ၏ တတိယ လက်ရည်စစ်ပြိုင်ပွဲ(Grand Rayal Special Reserve Golf Championship Third Qualify Round)ဒုတိယနေ့ ၁၈ ကျင်း ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ကျင်းပရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းတက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းက ပြိုင်ပွဲတွင် Nett Total ၁၄၀ ဖြင့် ပထမရရှိသော ဇော်နိုင်အား Trophy ဆုနှင့် ရွှေပြားဆုကို ပေးအပ်ချီးမြှင့်ပြီး Nett Total ၁၄၁ ချက်ဖြင့် ဒုတိယရရှိသော ဇာလီအားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး မျိုးအောင်ရွှေက Nett Total ၁၄၁ ချက်ဖြင့် တတိယရရှိသော လှဝင်း၊ Nett Total ၁၄၂ ချက်ဖြင့် စတုတ္ထရရှိသော စိုးဦးနှင့် Nett Total ၁၄၃ချက်ဖြင့် ပဉ္စမရရှိသော ထွန်းရှမ်းတို့အား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းက နှစ်သိမ့်ဆု ရရှိကြသော ပထမမှ စတုတ္ထအထိ လည်းကောင်း၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက နှစ်သိမ့်ဆုရရှိကြသော ပဉ္စမမှ ဆဋ္ဌမအထိ လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက Putting Challeng ပြိုင်ပွဲတွင် အနိုင်ရရှိသော စိုးလွင်အား လည်းကောင်း၊ ၃၀၅ ကိုက်ဖြင့် Longest Drive ဆုရရှိသော စိုးနိုင်အား လည်းကောင်း၊ ၁၀ ပေဖြင့် Nearest To The Pin ဆုရရှိသော ဇော်မင်းအေးအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး IBTC မှ ချီးမြှင့်သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ငန်းတေး ဂေါက်ကလပ် ဒုတိယဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတင်စိုးက လက်ခံသည်။

ဆောင်ရွက်ပေး

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်၍ Co-Sponsors များ အဖြစ် Air Mandalay, Hotel Nikko, Srixon နှင့် Alpine တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး မော်လမြိုင် တတိယ လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေး အတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက် ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Nearest To The Pin ဆုရရှိသော ဇော်မင်းအေးအား ဆုပေးအပ် ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

ဘရာဇီးက ဘရာဇီးပါပဲ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘရာဆီးလီးယား မတ် ၆

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ကို စတင်ထူထောင်ခဲ့သည့် ၁၉၀၄ခုနှစ်မှ ရေတွက်လျှင် ဖီဖာသက်တမ်းသည် ၁၀၃နှစ် ရှိခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကို ၁၉၀၄ခုနှစ် မေလ ၂၁ရက်၌ စတင်ဖွဲ့စည်းနိုင်ခဲ့သော်လည်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကိုမူ ဖီဖာဖွဲ့စည်းပြီး ၂၆နှစ်ကြာမှ ကျင်းပနိုင်ခဲ့သည်။

မသတ်မှတ်

ထို့အတူ ကမ္ဘာ့ဖလား ချန်ပီယံအဖြစ် လေးနှစ်တစ်ကြိမ် ကျင်းပသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများမှ တစ်ဆင့် ရွေးချယ်ပေးနိုင်ခဲ့သော်လည်း ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းဟူ၍ ထိုကမ္ဘာ့ဖလား ပြိုင်ပွဲများ၌ ချန်ပီယံဆုရရှိသူကို မသတ်မှတ်နိုင်ခဲ့ချေ။

မမျှော်လင့်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ တစ်လျှောက်တွင် အဆင့်ဆင့်သော ဘောလုံးပွဲများကို ကစားခဲ့ရပြီး အခြေအနေအကြောင်းကြောင်းကြောင့် မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရကာ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသော ကမ္ဘာကျော်ဘောလုံးအသင်းများလည်း ရှိခဲ့သည်။ ထို့အတူ ဘောလုံးခြေစွမ်း အထက်မြက်ဆုံးအသင်းများကလည်း ခြေချော်၊ လက်ချော်ဖြစ်ကာ ရှုံးပွဲကြုံခဲ့ရသလို ဒိုင်လူကြီးများ၏ဆုံးဖြတ်ချက် အမှားများကြောင့်ပွဲ ရလဒ်များ ပြောင်းကာ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲမှ ထွက်ခဲ့ရသည့် အသင်းများလည်း ရှိခဲ့သည်။

အရည်အချင်းအစစ်အမှန်

ကမ္ဘာ့ဖလားဘောလုံးပွဲများသည် တစ်ကြိမ်ထက်တစ်ကြိမ် မတူအောင် နည်းစနစ်၊ ဗျူဟာ၊ အားကစားသမားများ၏စွမ်းရည်၊ ပါရမီနှင့်ကြိုးစားအားထုတ်မှုများ ကောင်းလာသလို၊ နည်းပြများ၏ အခန်းကဏ္ဍသည်လည်း အဓိကနေရာမှ ပါဝင်လာသည်။ ထိုသို့ ကစားသမားများ၏ အရည်အချင်း၊ စွမ်းဆောင်မှုများကြောင့် ဘောလုံးပွဲတစ်ပွဲ၏ ရလဒ်သည် ထိုအသင်း၏ အရည်အချင်းကို အပြည့်အဝ မပြနိုင်ကြောင်း၊ တစ်သမတ်တည်းသော ခြေစွမ်းကို ထိန်းထားနိုင်သော အသင်းများသာလျှင် ကမ္ဘာပေါ်တွင် အရည်အချင်း အစစ်အမှန်ရှိသော ဘောလုံးအသင်း ဖြစ်ကြောင်း သိမြင်လာခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)သည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အနိုင်ရရှိခဲ့သော အသင်းများအား ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်း

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးဘောလုံးအသင်းအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟူ၍ သတ်မှတ်ရန် ဝန်လေးခဲ့သည်။

အထမမြောက်

ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်း သတ်မှတ်ရန်အတွက် ၁၉၆၁ ခုနှစ်မှ ၁၉၇၄ခုနှစ်အထိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ တာဝန်ယူခဲ့သော အင်္ဂလန်နိုင်ငံသား ဆာစတန်လေရုပ်စ်က တစိုက်မတ်မတ် ကြိုးစားခဲ့သော်လည်း အထမမြောက်ဘဲ မကြာခဏ ပျက်ပြားခဲ့ရသည်။

အဆိုပြုခဲ့

သို့သော် ၁၉၇၄ခုနှစ်မှ ဖီဖာ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဘရာဇီးနိုင်ငံသား ဟာဗီလန့်က ကမ္ဘာပေါ်တွင် အကောင်းဆုံးဘောလုံးအသင်း အဖြစ် သတ်မှတ်ရန် အဆိုပြုခဲ့ပြီး ရရှိအောင်လည်း ဆောင်ရွက်နိုင်ခဲ့သည်။

သို့ရာတွင် ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းကို ၎င်းအနေဖြင့် ဖီဖာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ၁၉နှစ်အကြာ ၁၉၉၃ ခုနှစ်ကျမှသာ တရားဝင်သတ်မှတ်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းအဖြစ် သတ်မှတ်ရာတွင် ပထမဆုံးအချက်မှာ ကမ္ဘာ့ဖလား၌ ချန်ပီယံဖြစ်ရမည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးခြေစွမ်းပြနိုင်ရမည်ဖြစ်ပြီး အခြားဥရောပပြိုင်ပွဲများတွင်လည်း ဘောလုံးအသင်း အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်နိုင်ရမည်ဖြစ်ပြီး ဒေသဆိုင်ရာပွဲများတွင်လည်း အကောင်းဆုံးရလဒ်များရရှိရမည်ဖြစ်သည်။

ထုတ်ပြန်ခဲ့

ကမ္ဘာ့ဖလား ဘောလုံးပွဲတစ်ခုတည်း၏ ရလဒ်ကိုမကြည့်ဘဲ ဘောလုံးအသင်း၏ တစ်သမတ်တည်းသော ခြေစွမ်းကိုသာ အဓိကအလေးထားပြီး နိုင်ငံတကာ ဘောလုံးအဖွဲ့ချုပ်များ၏ ဆန္ဒကိုလည်း ဖီဖာကရယူခဲ့ကာ လစဉ်အလိုက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းကို ရွေးချယ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အာရုံစိုက်

၁၉၉၃ ခုနှစ် နိုဝင်ဘာလမှ စတင်ခဲ့သော ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်း သတ်မှတ်ချက်သည် ကမ္ဘာ့ဘောလုံးအသင်းများအားလုံး၏မျှော်လင့်ချက် တစ်ခုသဖွယ် တဖြည်းဖြည်း ရောက်ရှိလာခဲ့သည်ဖြစ်ရာ နိုင်ငံ့လက်ရွေးစင် ဘောလုံးအသင်းများ အနေဖြင့် မိမိတို့၏ ဘောလုံးအသင်း အဆင့်မလျော့ကျရေးကို အာရုံစိုက် ကစားလာခဲ့ကြလေသည်။

ဖီဖာ၏သမိုင်းတွင် ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းအဖြစ် ရေရှည်ရပ်တည်နိုင်ခဲ့သော အသင်းမှာ ဘရာဇီးဘောလုံးအသင်းဖြစ်ပြီး တစ်စပ်တည်း ၅၅လကြာအောင် ကမ္ဘာ့ထိပ်တန်းအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထိုသို့ရပ်တည်နိုင်ခဲ့ခြင်းမှာ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲများ၌ ဘရာဇီးအသင်း ချန်ပီယံဖြစ်ခဲ့မှုသည် အချက်တစ်ချက်အနေဖြင့် ပါဝင်သော်လည်း ယင်းအချက်မှာ အရာအားလုံးကို မလွှမ်းခြုံနိုင်ခဲ့ချေ။

ဒွန်ဂါ

ဘရာဇီး ဘောလုံးအသင်း နည်းပြ ဒွန်ဂါ။ (ဓာတ်ပုံ-အင်တာနက်)

သတ်မှတ်ခံခဲ့ရ

ဘရာဇီးအသင်း၏ ဒေသအလိုက်ပြိုင်ပွဲများ၊ ချစ်ကြည်ရေးဘောလုံးပွဲများ၊ ဖီဖာကကြီးမှူးကျင်းပသော ဘောလုံးပွဲများတွင် အောင်ပွဲများ ရရှိခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။ ထို့အပြင် ဘရာဇီးဘောလုံးအသင်း၏ ကြိုးစားအားထုတ်မှုနှင့် ဘောလုံးသမား တစ်ဦးချင်း၏ စွမ်းရည်ပြည့်ဝမှုတို့ကြောင့်လည်း ကမ္ဘာ့ထိပ်တန်းအသင်း အဖြစ် ကာလရှည်စွာ ရပ်တည်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ဘရာဇီးဘောလုံးအသင်းသည် ၁၉၃၀ ပြည့်နှစ် နိုဝင်ဘာလ၌ စတင်ခဲ့သော ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းအဖြစ် သတ်မှတ်ခြင်းမခံခဲ့ရသော်လည်း နောက်ပိုင်းနှစ်များ၌ အမြဲတမ်းလိုလို သတ်မှတ်ခံခဲ့ရသည်မှာလည်း ပြည်တွင်း၌ အားပေးမှု၊ နည်းစနစ်ပိုင်း အားသာမှု၊ ထူးချွန်သော ဘောလုံးသမားများပေါ်များမှုတို့ကြောင့်ဖြစ်ရာ လက်ရှိအနေအထား၌ ရမှတ် ၁၅၆၂ ရရှိခဲ့သော ကမ္ဘာ့ အကောင်းဆုံး ဘောလုံးအသင်းအဖြစ် ဖီဖာက သတ်မှတ်ခဲ့သည့်အီတလီအသင်းထက် အစစအရာရာတွင် သာလေသည်။

လက်ခံထား

လောလောဆယ်တွင် အီတလီအသင်းထက် ရမှတ် ၂၂မှတ်ကွာကာ ဒုတိယနေရာမှ ရရှိနေသော ဘရာဇီးတို့၏ ဘောလုံး အဆင့်အတန်းသည် ထိပ်တန်းအဆင့် ၌ပင်ရှိနေဆဲဟုကမ္ဘာ့ဘောလုံးပရိသတ်က လက်ခံထားနေသည်သာဖြစ်သည်။

ဘရာဇီးဘောလုံးအသင်း၏ကြိုးစားအားထုတ်မှုမှာလည်း အခြားအသင်းများ၏ လုံ့လနှင့် မည်သို့မျှ မတူချေ။ လာမည့် ၂၀၁၀ပြည့်နှစ်၌ တောင်အာဖရိက နိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ဘရာဇီးအသင်းကြိုတင်ပြင်ဆင်မှုများပြုလုပ်နေခဲ့သည်မှာ ရှစ်လခန့်ပင်ရှိပြီဖြစ်သည်။

ကြိုတင်ပြင်ဆင်မှု

၂၀၁၀ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်မည့် ဘောလုံးသမားလူငယ်များကို ယခုကတည်းကလျာထားခဲ့ပြီးအခါအားလျော်စွာ နိုင်ငံတကာချစ်ကြည်ရေး ဘောလုံးပွဲများ၌ ထုတ်သုံးနေပြီ ဖြစ်သည်။ ထို့အတူ ဝါရင့်ဘောလုံးသမားများနှင့် အတွဲ အဖက်ညီအောင်လည်း အခုကတည်းကပွဲအတော်များများကိုကစားနေပြီဖြစ်ရာ ကမ္ဘာပေါ်တွင် ကြိုတင်ပြင်ဆင်မှု အကောင်းဆုံး ဘောလုံးအသင်းပင် ဖြစ်သည်။

ရယူထားနိုင်

ထိုသို့သော ဘရာဇီးအသင်းသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းအဖြစ် အချိန်ကြာမြင့်စွာရယူထားနိုင်ခဲ့မှုမှာ အံ့သြစရာမဟုတ်ချေ။

ထို့အတူ ကမ္ဘာ့ဖလားကိုလည်း အကြိမ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သည်မှာလည်း ကြိုးစားအားထုတ်မှုကြောင့်သာ ဖြစ်ကြောင်း သိသာထင်ရှားနေသည်။

တစ်ခဏတာမျှပင်

ဘရာဇီးတို့ လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်မှု၌ဒုတိယ နေရာရရှိမှုမှာလည်း တစ်ခဏတာမျှပင် ဖြစ်ရာ မကြာမီထိပ်တန်းအဆင့် ပြန်ရမည်ဖြစ်သဖြင့် ဘရာဇီးသည်ဘရာဇီးပင်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်သတင်းများ)

ဘော်လ်တန်အသင်းခေါင်းဆောင် နိုလန်အား စာချုပ်သစ် ထပ်မံချုပ်ဆို

လန်ဒန် မတ် ၆

ဘော်လ်တန်အသင်းခေါင်းဆောင် ကီဗင်နိုလန်အား ဘော်လ်တန်အသင်းက စာချုပ်သစ် ချုပ်ဆိုလိုက်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

ချုပ်ဆို

နိုလန်အား ဘော်လ်တန်အသင်းက လက်ရှိစာချုပ်အပေါ် နောက်ထပ်နှစ်နှစ်တိုး၍ ချုပ်ဆိုလိုက်ကြောင်း ၎င်းသည် ဘော်လ်တန်အသင်းတွင် ၂၀၁၁ခုနှစ်အထိ နေထိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ထင်ကြေးပေး

အသက် (၂၄)နှစ်ရှိ အဆိုပါ ဘော်လ်တန် အသင်းခေါင်းဆောင်သည် အင်္ဂလန်အသင်းတွင် ပိုမိုအချိန်ပေး ကစားနိုင်ရန်အတွက် ဘော်လ်တန်အသင်းမှ ထွက်ခွာလိမ့်မည်ဟု အချို့က ထင်ကြေးပေးနေကြသည်။ သို့သော်လည်း ယခုစာချုပ်သစ်တိုး၍ ချုပ်ဆိုလိုက်ခြင်းကြောင့် ယင်းထင်ကြေးပေးနေမှုများမှာလည်းအဆုံးသတ်သွားပြီဖြစ်သည်။ မိမိသည်ဘော်လ်တန်အသင်းသို့ ရောက်လာပြီးကတည်းက နိုင်ငံ့လက်ရွေးစင်ကစားသမားကောင်းဖြစ်လာစေရန်အတွက် ဘော်လ်တန်အသင်းမှ ထွက်ခွာသွားရန် မည်သည့် အခါကမျှ မစဉ်းစားခဲ့ကြောင်း နိုလန်က ပြောကြားသည်။ မိမိအနေဖြင့် ဘော်လ်တန်အသင်းတွင် တစ်ပွဲထက်တစ်ပွဲ ပို၍ကောင်းအောင်ကစားပေးနိုင်ခဲ့၍ ဂုဏ်ယူဝမ်းမြောက်မိကြောင်းလည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ဘော်လ်တန် အသင်းခေါင်းဆောင် ကီဗင်နိုလန်။ (ဓာတ်ပုံ-အင်တာနက်)

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

ဝက်စ်ဟမ်းတိုက်စစ်မှူး ရှာရင်ဂမ်အား ဆစ်ဒနီကလပ်ကခေါ်ယူရန် ကမ်းလှမ်း

ဆစ်ဒနီ မတ် ၆

သြစတြေးလျ ဘောလုံးကလပ်အသင်းဖြစ်သော ဆစ်ဒနီ အက်ဖ်စီအသင်းက အင်္ဂလန်တိုက်စစ်မှူးဟောင်း ရှာရင်ဂမ်အားခေါ်ယူရန် ဝက်စ်ဟမ်းအသင်းသို့ ကမ်းလှမ်းထားသည်။

မျှော်လင့်

အသက်(၄၀)နှစ်ရှိ ရှာရင်ဂမ်သည် အဆိုပါကမ်းလှမ်းချက်အရ လာမည့်လတွင် ၎င်းအသင်း၏တစ်နှစ်စာချုပ် ချုပ်ဆိုလိမ့်မည်ဟု မျှော်လင့်ရသည်။

ကမ်းလှမ်း

ရှာရင်ဂမ်သည် မန်ယူနှင့် တော့တင်ဟမ်အသင်းတို့တွင်ကစားခဲ့သည့် တိုက်စစ်မှူးဟောင်းလည်းဖြစ်သည်။ အသက်အရွယ်ရလာသော်လည်း ရှာရင်ဂမ်သည် ဝက်စ်ဟမ်းအသင်းတွင် ခြေစွမ်းပြနေသည့် ကစားသမားဖြစ်သည်။ ၎င်းသည် ထိပ်တန်းအသင်းပြိုင်ပွဲတွင် ကစားနိုင်သေးကြောင်း၊ အကောင်းဆုံးခြေစွမ်းရှိနေဆဲဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းအမှုဆောင်အရာရှိ ဂျော့ချ်ပါရီက ပြောကြားသည်။ ဆစ်ဒနီအက်ဖ်စီကလပ်က ချာလ်တန်တိုက်စစ်မှူး ဟက်ဆယ်ဘိန့်ကို ခေါ်ယူရန် ကြိုးစားခဲ့ရာတွင် လစာညှိနှိုင်းမှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ရှာရင်ဂမ်အား ခေါ်ယူရန်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းရောက် အင်္ဂလန်တိုက်စစ်မှူးဟောင်း ရှာရင်ဂမ်။ (ဓာတ်ပုံ-အင်တာနက်)

သုခ ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်ပြီ

* ဆရာတော် ဘဒ္ဒန္တဥတ္တရနှင့် စာရေးဆရာဒါရိုက်တာကြီး ဦးသုခတို့ ဖွဲ့စည်းတည်ထောင်ခဲ့သော **နာရေးကူညီမှုအသင်း(ရန်ကုန်)** ၏ **“သုခ ကုသိုလ်ဖြစ်ဆေးခန်း”**တွင် စေတနာရှင်ဆရာဝန်ကြီးများက ဆင်းရဲချမ်းသာ၊ အသက်အရွယ်၊ လူမျိုးဘာသာမရွေး အထွေထွေရောဂါများကို ကုသိုလ်ဖြစ်(အခမဲ့)ကုသပေးနေပါပြီ။

* ဆေးခန်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော စေတနာရှင်အလှူရှင်များ၊ ကုသိုလ်ဖြစ် လာရောက်ကုသပေးကြသော ဆရာဝန်၊ ဆရာဝန်မကြီးများနှင့် အသင်းသူအသင်းသားများအား အထူးကျေးဇူးတင်ရှိပါသည်။

* ဆေးဝါးနှင့်ဆေးပစ္စည်းများကိုလည်းကောင်း၊ အာယုဒါန အလှူငွေများကိုလည်းကောင်း ပါဝင်ကုသိုလ်ပြုနိုင်ကြပါပြီ။

သုခကုသိုလ်ဖြစ်ဆေးခန်း ‘နာရေးကူညီမှုအသင်း(ရန်ကုန်)’ သုဒဿန(၂)လမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်း၊ ဖုန်း-၅၆၀၃၃၃၊ ၅၇၈၁၈၄။

MIN KYAW MIN'S FAMILY

Summer Spoken English & Grammar Classes for Grade 2 to 10 Starts on 10th March, 2007

Contact: 263/7, East Yankin, Yankin Township, Yangon. Ph:555412

အမည်ပြောင်း

အဖ ဦးသောင်းရွှေ၏သား အမက(၁)ဗဟို စတုတ္ထတန်း(စ)မှ မောင်နန်းဦးလှိုင်အား မောင်စစ်ထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စစ်ထက်နိုင်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း၊ ရန်ကုန်မြို့ ရုပ်သံကျွမ်းကျင်(၂)၊ (သတင်းကြေညာသူ) လျှောက်ထားသူများသိသာရန်

ရုပ်သံကျွမ်းကျင်(၂) (သတင်းကြေညာသူ) လျှောက်ထားသူများအတွက် လူတွေ့စစ်ဆေးမည့် ခုံအမှတ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ၂၀၀၇ခုနှစ် မတ်လ ၈ ရက်မှ ၁၂ရက်အတွင်း နံနက် ၀၉:၀၀နာရီမှ ညနေ ၄:၀၀ နာရီအထိ လာရောက်ထုတ်ယူနိုင်ကြောင်း အကြောင်းကြားပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်အေးအေးထွန်း ၁၂/ဒဂမ(နိုင်)၀၀၆၂၆၀၏ယာဉ်အမှတ် ဒ/၈၂၈၈-Sunny Pick-up၏ အခွန်ကျေစာရွက်အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၅၁-၉၁၇၅၂။

Golden Star

35000/50000

Ph: 544383, 09-5172634

Y.E.S. Since 1994

Basic Spoken English: MAR-17,19,24,26
Pre-Intermediate English: MAR-17,19,26
Intermediate English Proficiency: MAR-26
Vocabulary Enrichment Course: MAR-26
SAT, IELTS, Basic Writing: MAR-12,24,26
Structure Written&Expression: MAR-10,26
Issues in Writing Course: MAR-10
TOEFL, GFC, AWC, API(4-Skills)

ကလေးများအတွက်

Level(1): March 17, 2007 9:00-12:00 A.M
Level(2): March 18, 2007 10:00-12:00 A.M
Level(3): March 18, 2007 1:00-3:00 P.M

No. 190, 3rd Flr, 38th St. (Upper Block) Pabedan Tsp ☎ 243950

၁၉၇၄-၁၉၈၂ ဆေးတက္ကသိုလ်(၁)ငွေရတု

ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲနှင့်ဆရာကန်တော့ပွဲကို ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် ပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာကျောင်းနေဖက်များ၏ ကိုယ်ရေးအကျဉ်း၊ လိပ်စာ၊ ဓာတ်ပုံများ(ငယ်စဉ်ပုံ၊ လက်ရှိပုံ၊ မိသားစုပုံ)(ဇူလိုင်လကုန်နောက်ဆုံး)နှင့် အလှူငွေများကိုအောက်ပါ သူငယ်ချင်းများထံ အချိန်မီအမြန်ဆုံး ဆက်သွယ်ပေးပို့ကြပါရန်။ သူငယ်ချင်းများ၏ ကဗျာ၊ စာညွှန်း၊ ကာတွန်းများကို ဇူလိုင်လကုန်နောက်ဆုံးထားပြီးပို့ပေးပါ။

Dr.ခင်စောလှ ၀၉-၅၁-၃၆၉၀၀၊ Dr.အောင်စံဖြိုး ၀၉-၅၁-၂၀၅၇၅၊ Dr.ထိန်ဝင်းဇော် ၀၉-၅၀-၀၉၄၄၅၊ ၅၆၃၈၅၃၊ Dr.ထွန်းလွင် ၀၉-၈၀-၂၁၆၄၀၊ ၅၂၆၈၅၅၊ Dr.ဝင်းအောင် ၀၉-၅၁-၅၂၉၇၉၊ Dr.သန်းသန်းဝင်း ၂၂၀၁၆၀၊ ၀၉-၅၁-၆၃၃၀၀၊ Dr.မိုးမြင့်ကြူ-Dr.နုနုကြည် ၀၉-၅၃-၀၂၂၉၇၊ ၀၉-၈၀-၂၁၁၅၁၊ Dr.ထင်အောင်စော-Dr.ကြည်ကြည်အုံး ၀၉-၅၁-၀၅၅၄၀၊ Dr.တင်ဝင်း ၀၉-၈၀-၂၁၄၀၇၊ Dr.ကိုကိုသန့် ၀၉-၅၀-၀၅၂၈၀၊ Dr.ငွေအောင် ၀၉-၅၃-၀၁၉၄၅၊ Dr.နွဲ့နွဲ့စမ်း ၀၂-၃၉၀၅၈၊ ၀၂-၃၆၆၉၀၊ Dr.စိန်ဝင်း ၂၂၄၇၄၇၊ ၂၂၅၄၉၆၊ ၀၉-၅၁-၁၃၁၄၅၊ Dr.အေးလွင် ၀၉-၅၀-၀၉၁၄၉၊ Dr.သိန်းသိန်းအေး ၆၂၀၃၈၁၊ ၀၉-၅၁-၁၈၆၇၂၊ Dr.အေးအေးမြင့် ၀၉-၅၀-၀၀၅၂၃၊ Dr.နေစိုးမောင် ၀၉-၅၀-၁၈၉၆၃၊ Dr.အောင်လွင် ၀၉-၉၉-၂၄၂၄၈၊ Dr.ကြည်ကြည်ညွန့် ၀၉-၈၀-၃၀၈၉၀၊ ၆၈၃၁၄၆၊ Dr.သင်းနွယ်ဝင်း ၀၉-၈၀-၂၀၃၆၆၊ ၅၀၅၀၁၀၊ Dr.ခင်ဆွေတင့် ၂၁၁၇၀၄၊ ၂၁၁၇၀၅၊ Dr.လွင်မေဦး ၆၄၁၂၈၁၊ Dr.မြလေးစိန် ၆၄၁၅၄၆၊ ၅၇၂၇၉၅၊ Dr.ကြည်ထိန် ၃၇၁၄၃၇၊ Dr.ဉာဏ်ထွန်း ၆၆၁၂၂၅၊ Dr.မြန်လင်း-Dr.မြမြဝင်း ၀၉-၅၀-၀၅၁၄၁၊ Dr.မြင့်စိုး ၅၄၈၀၉၉၊ ၀၉-၉၀-၃၁၉၅၈၊ Dr.မြင့်ဟန် ၀၉-၅၀-၁၂၆၇၉၊ Dr.အောင်သန့်-Dr.နှင်းယု ၆၆၂၂၀၃၊ Dr.ခင်မောင်ကြိုင်-Dr.သီသီမြင့် ၀၉-၉၉-၂၂၀၂၄၊ ၃၇၁၁၉၃၊ Dr.စန်းမြင့်-Dr.စန္ဒာတင်ရှိန် ၅၀၁၀၀၈၊ ၀၉-၈၀-၂၃၅၅၈၊ Dr.သိန်းဝင်း-Dr.သန်းသန်းအေး ၀၉-၅၀-၀၈၁၉၅၊ ၀၉-၅၀-၂၃၀၁၁။

ဂုဏ်ထူးဦးအောင်နိုင်

၂၂၂ - ပန်းဆိုးတန်းလမ်း (အထက်)၊ ဖုန်း ၂၂၂၉၀၉

UNIQUE STAR TRAVELS & TOURS CO.,LTD

ကျေးဇူးဆပ်ပါမည်

မော်တော်ယာဉ်အမှတ် ၅ခ/၉၈၀၁၏ အခွန်ကျေပေးသွင်းပြီးကြောင်း အထောက်အထားစာရွက်အစိမ်း ပျောက်ဆုံးသွားပါသည်။ ပြန်လည်ပေးပို့သူအား ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၅၃၉၆၃၃(လိုင်းခွဲ-၆၃၂)။**

ကျေးဇူးဆပ်ပါမည်

အမှတ် ၆၀ (3A) မင်္ဂလာလမ်း၊ စမ်းချောင်း၊ အခန်းအရောင်းအဝယ်စာချုပ်နှင့် အခြားအရေးကြီးသော စာရွက်စာတမ်းများ ၁၇-၁-၂၀၀၇ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ကိုဉာဏ်ဝင်း-မစံပယ်မြင့်

ဖုန်း-၅၀၂၃၉၁။

သာစည်မြို့နယ် အင်းကုန်းကျေးရွာ၌မီးလောင်မှုဖြစ်ပွား ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၊ ကူညီထောက်ပံ့

ရန်ကုန် မတ် ၆

မိတ္ထီလာခရိုင် သာစည်မြို့နယ် မင်းကုန်းကျေးရွာအုပ်စု အင်းကုန်းကျေးရွာ၌ ယနေ့မွန်းလွဲ ၁နာရီခွဲ ခန့်တွင် ဦးကျော်ငွေ၏ နေအိမ်မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် နေအိမ် ၄၄လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ၂၅၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မီးဘေးဒုက္ခသည်များအား တာဝန်ရှိသူများက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်နေရာချထားပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

M.A.E I.E.L.T.S ENROLL NOW ! Start : 15th March

Education Centre

Asia Plaza, Room - 535, 5th Floor, Kyauktada Tsp, Yangon.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်သေဆုံးမှုစစ်ဆေးချက်သတင်း

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း မြို့နယ်များတွင် ၆-၃-၂၀၀၇ရက် ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ-

(က) **ငှက်မြေကျသေဆုံးမှု။** ၆-၃-၂၀၀၇ရက်တွင် အလုံ၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ လှိုင်၊ ပန်းဘဲတန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ တာမွေ၊ သန်လျင်မြို့နယ်၊ ကိုးမြို့နယ် အတွင်း ကျီးကန်း ၁၀ကောင်၊ ခို ခုနစ်ကောင်၊ ဘုတ်တစ်ကောင်၊ ချိုးတစ်ကောင်၊ ဆက်ရက်တစ်ကောင် မြေကျသေဆုံးကြောင်း။

(ခ) **ကြက်၊ ဘဲသေဆုံးမှု။** မြို့နယ်များ ကြက်၊ ဘဲများ ထူးခြားစွာ သေဆုံးမှုမရှိပါကြောင်း။

(ဂ) **တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းစစ်ဆေးချက်။** ကြက်၊ ငှက်တုပ်ကွေး ရောဂါပိုး မတွေ့ရပါကြောင်း။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန။

BEC International

★ Summer English Courses ★

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၃၅ စီဂျီ၊ မြေကွက်အမှတ် ၉၄၉ A၊ အမှတ် ၅၆၊ အရှေ့ဈေးဟောင်းလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ မြေကွက်အား ဒေါ်ခင်မာရီ၊ ဒေါ်ခင်မာကြည်၊ မောင်ကိုကိုကြည်၊ မောင်ဇော်မြင့်၊ မောင်ခင်ဇော်၊ မခင်မာလာတင်၊ မောင်မြတ်ကျော် အမည်ဖြင့် မြေချပါမစ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ရောင်းမည်

၄၇လမ်း၊ အပေါ်ဘလောက်၊ မြေညီ၊ ပထမထပ် ဖုန်းပါ ပြင်ဆင်ပြီး။

ဆက်သွယ်ရန်
ဖုန်း-၂၄၆၁၆၇၊
၀၉-၅၁-၄၀၈၃၅။

KMD Computer For Kids Course

KMD Computer Centre တွင် ဖွင့်လှစ်နေပါပြီ

Pearl

PEARL

ဂီတလုပ်ပွဲ 2 HIP HOP VOL: I & II

OXYGEN X-RAYS UPGRADE CHAPTER MIB
OPPOSITE SMOKE FRIDAY PALOTETOKE
CRAB EVER NEGATIVE BLACK LIST
CHILI FAMILY WITCH ZINN ZIN SURE
DOREME POOH SNAPSHOT YAK

STUDIO: PRO, MYINT ZAW, FU MOU, NOISE CITY
MIXING & MASTERING: MYINT ZAW HARMONY: KENOSIS
ARRANGED BY: MI CHAW

VCD KARAOKE ထွက်ပြီ

GRADE:1 (1500 Ks)
GRADE:2 (1000 Ks)

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်စည်းဝေး လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုများ သုံးသပ်ဆွေးနွေး

မုံရွာ ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ၂၀၀၆ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး မြသလ္လာ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်က အမှာစကားပြောကြားပြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ ကလေး၊ တမူး၊ မော်လိုက်၊ ခန္တီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက ခရိုင်အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြမှုများအပေါ် ကဏ္ဍအလိုက် ဆောင်ရွက်မှုများ သုံးသပ် ဆွေးနွေးကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက တိုင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်တင်ပြသည်။

ဆက်လက်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၏ မေးမြန်းမှုများကို ပြန်လည် ဖြေကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ ဖေဖော်ဝါရီ၇ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမဝင်းအတွင်းရှိ မော်တော်ယာဉ်ဌာနစိတ်ရှိ ယာဉ်၊ စက်၊ ယန္တရားများကြွခိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးရာ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်(ပြည်နယ်အဆင့်) ကျပန်းစကားပြော ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ခန်းမတွင်ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ဒုတိယဆုရ ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မရွှေရည်မြင့်ဦးအား ဆုချီးမြှင့်စဉ်။ (၁၆၈)

မြို့နယ် သတင်းများ

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ပဲကောက်-ကံသာ ကျေးလက်ကျောက်ချောလမ်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၆ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဟောပြော

ကံမ ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကံမမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ အထက်မီးပေါက်ကျေးရွာ၊ ခြောက်ပင်၊ ဆုံကုန်း၊ နတ်မီးတောက်နှင့် စမ်းသပြေကျေးရွာများသို့ သွားရောက်၍ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲများကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြို့နယ် အတွင်းရေးမှူး ဦးဇော်မိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်၊ စာထောက်(၃)ဒေါ်သန်းသန်းဆင့်နှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၆ ရက်
၈-၃-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ် နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅	သားငါးဖွံ့ဖြိုး ပြည့်အကျိုး (ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေး လုပ်ငန်း)
၁၁း၃၅	စာအုပ်စာပေ လူ့မိတ်ဆွေ (၁) မီးငယ်လေးဖတ်ဖို့(၅) (သဲအောင်) (၂) မန္တလေးကိုဖြတ်၍ (တက္ကသိုလ်နန္ဒမိတ်)
၁၂း၀၀	သိပ္ပံပညာသိကောင်းစရာ (ကိုယ်အလေးချိန်မျှတဖို့ အကြောင်း-မောင်ဆုရှင်)
၁၂း၃၀	အစာနှင့် အာဟာရ (လက်ပံပွင့်နှင့် လက်ပံခေါင်း)

ညနေပိုင်း

၁၆း၁၀	၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (သင်္ချာ)
၁၆း၃၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	သုတကမ္ဘာ
၁၈း၂၅	သံစဉ်တေးသွား မေတ္တာစကား (၁) ရွှေဘုံပေါ်မှာစံချင်သူ (သန်းသန်းဆင့်) (၂) ရွှေဘုံပေါ်မှာစံစေချင်တယ် (မောင်သိန်းဆွေ)
၁၈း၄၅	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅	ဇာတ်လမ်းပမာနားဆင်စရာ (မျိုးချစ်စိတ်လေးရှိရမယ်)
၁၉း၃၀	ခေတ်မရွေးသောတေးများ (၁) ပန်းတွေနဲ့ဝေ (စန္ဒရားလုထွတ်) (၂) ဒို့ရှမ်းပြည်ပွဲတော် (ကေဂျာနူး) (၃) အချစ်ချောင်းလေး ခြားမှာစိုးတယ် (မိုးမင်းဝင်း)
၂၀း၃၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) မောင့်ချစ်ဆိပ်ရည် (နှင်းရည်သန့်) (၂) ငွေလှိုင်းဓာခြည် (မောင်ကြည်တိုး) (၃) ပန်းကိုမြင် ပန်ချင်ပါသော်လည်း (မစိန်မြင့်လတ်)

မလှိုင်မြို့ အား/ကာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လု

မလှိုင် ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် အား/ကာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ရက်က မလှိုင်မြို့ မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်စွဲ

ပြိုင်ပွဲတွင် ရပ်ကွက်ကြီး ၂/၃ ဘောလုံးအသင်းနှင့် သိမ်ကုန်းကျေးရွာ ဘောလုံးအသင်းတို့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ရပ်ကွက်ကြီး ၂/၃အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ် အား/ကာ ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသန်းက ပထမဆုရ ရပ်ကွက်ကြီး ၂/၃အသင်းအား ဆုဖလားနှင့်ငွေကျပ်တစ်သိန်းချီးမြှင့်ပြီး ဒုတိယဆုရသိမ်ကုန်းကျေးရွာအသင်းအား မိတ္ထီလာခရိုင် အား/ကာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ညွှန့်က ငွေကျပ်ခုနစ်သောင်းပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်အား/ကာ ဦးစီးမှူး ဦးကျော်သူဆွေနှင့်တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၄၁၉)**

အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ နွားထိုးကြီး၌ကျင်းပ

နွားထိုးကြီး ဖေဖော်ဝါရီ ၅

မန္တလေးတိုင်း နွားထိုးကြီး မြို့နယ် ရှင်ပင်သာထွန်းဦးမြတ်စွာဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ကြီး၏ (၂၇) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၇ရက်က နောင်တော်ကြီး အာရုံခံ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပုညသိရီနှင့် အဖွဲ့ ဝင် ဆရာတော်များ၊ ဩဝါဒါစရိယဆရာတော်များကြွ ရောက်တော် မူကြသည်။

ထို့နောက် နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ချိုင်းနားကျောင်း ဆရာတော် ဘဒ္ဒန္တတေဇနိယ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်သံဃ နာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပုည သိရီက ဩဝါဒကထာ မြွက်ကြားကာ ဆရာတော်၊ သံဃာတော် များက အသံမစဲ မဟာ ပဋ္ဌာန်း ဒေသနာတော်ကို ၁၀ ရက်တိုင်တိုင် ရွတ်ဖတ် ပူဇော်ကြသည်။ (၂၁၃)

ဟိုပန်မြို့နယ် စည်ပင် သာယာရေး အဖွဲ့ပိုင် မြို့မဈေး သားငါး အရောင်းဆိုင်များ ယင်လုံဆန်ခါဖြင့် စနစ်တကျရောင်းချမှု ရှိမရှိကို ဇန်နဝါရီ ၁၉ရက်က အမှုဆောင် အရာရှိ ဦး ဆန်း လှိုင် နှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိခင်နှင့်ကလေးကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က ဆီဆိုင်မြို့ နောင်မွန်ကျေးရွာအုပ်စု နောင်မွန်ကျေးရွာ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီက မိခင်လောင်းအမျိုးသမီးများအတွက် ကျန်းမာရေး အကြောင်း သိကောင်းစရာများ ပညာပေး ဟောပြောစဉ်။ (၀၄၈)

နံရံကပ်စာစောင်များ ဟသ်ာတမြို့၌ ခင်းကျင်းပြသ လူငယ်ရေ့ဆောင် စာကြည့်တိုက်ဖွင့်၊ စာအုပ်များလှူဒါန်း

ဟသ်ာတ ဖေဖော်ဝါရီ ၂၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်ရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ ငွေပဒေသာပင်စိုက်ထူပွဲနှင့်စာအုပ်များလှူဒါန်းပွဲ အခမ်းအနား ကိုဖေဖော်ဝါရီ၁၂ရက် နံနက်ပိုင်းက ဟသ်ာတမြို့ ကနောင်စု သီရိအောင်မြေရပ်ကွက်ရှိ လူငယ်ရှေ့ဆောင်စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကြည်တင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးဦးညွန့်လှိုင်၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးလှိုင်ဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။**(အောက်ပုံ)**

ထို့နောက် စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူရန် အတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်တင်သို့ ရပ်ကွက်နေ ဒေါ်ခင်စိန်၊ ညီမ ဒေါ်လှငွေး(မန်နေဂျာ၊ စိုက်/ဘဏ်)၊ ဦးထိန်ဝင်း၊ ဦးမျိုးမြင့် အောင်၊ ဦးဝင်းလှိုင်၊ ဦးသန်းထွန်းမိသားစုတို့က ငွေကျပ် ၆၅၀၀၀ကို စုပေါင်းပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ရေဒီယိုကက်ဆက် တစ်လုံး၊ ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီက စာအုပ် ၁၀၀နှင့် အလှူရှင် ၁၀ဦးတို့က စာအုပ် ၃၀၀တို့ကို စာကြည့်တိုက် ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုနေ့ အထိမ်း အမှတ် နံရံကပ်စာစောင်များ ခင်းကျင်းပြသကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော တောင်ကြီးလမ်း မြို့အဝင်ဆိုင်းဘုတ် သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁ရက်က ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)အဖွဲ့ဝင် ဦးမောင်မောင်လွင်နှင့် အမှုဆောင် အရာရှိဦးခင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နွေနှမ်းစိုက်ပျိုးရန် မြင်းခြံမြို့၌တာဝန်ပေး

မြင်းခြံ ဖေဖော်ဝါရီ ၂၅

မြင်းခြံမြို့နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက နွေနှမ်းစီမံကိန်းဧက ၅၀၀၀ စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို ဖေဖော် ဝါရီ ၁၅ ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာဦးမြင့်လင်း တို့က ကျေးရွာအုပ်စုဥက္ကဋ္ဌများအား နွေနှမ်းစီမံကိန်း ဧက၅၀၀၀ စိုက်ပျိုးရန် အတွက် တာဝန်များပေးအပ်ကြကြောင်း သိရသည်။ (၄၀၂)

ပညာရေး၊ ကျန်းမာရေး ဆေးပဒေသာပင်စိုက်ထူ

သရက်ချောင်း ဖေဖော်ဝါရီ ၂၈

သရက်ချောင်းမြို့နယ် မြို့မရပ်ကွက် ထားဝယ်-မြိတ်ကားလမ်းနေ မြို့မိမြို့ဖ ဦးစစ်ဘော်မိသားစုက ပညာရေး၊ကျန်းမာရေး အတွက် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၂ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး အစည်းအဝေးခန်းမ ဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာ စကား ပြောကြားပြီး အလှူရှင် ဦးစစ်ဘော် မိသားစုက ပညာရေး၊ ကျန်းမာရေးအတွက် ဆေး ပဒေသာပင်ငွေကျပ်ခြောက်သိန်း စိုက်ထူလှူဒါန်းခဲ့ကြရာ မြို့နယ်ကျန်းမာ ရေးဦးစီးမှူး ဒေါက်တာစန်းစန်းသီနှင့် ပညာရေးမှူး ဦးဝင်းရှိန်တို့က လက်ခံ ကြသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

မီးသတ်ဦးစီးဌာန တတိယလေးလပတ် အစည်းအဝေး ထပ်ဆင့်ရှင်း လင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၁ရက်က တောင်ငူမြို့နယ် မီးသတ်ဦးစီး ဌာန၌ ကျင်းပရာ တောင်ငူခရိုင် ခြောက်မြို့နယ်မှ မြို့နယ်မီးသတ်စခန်းတာဝန်ခံ များနှင့် အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးများအား ပဲခူးတိုင်းမီးသတ်ဦးစီးဌာနမှူး ရဲသူရိန်လှမြင့်က ထပ်ဆင့်ရှင်းလင်းစဉ်။ (၃၀၃)

ကျန်းမာသန့်ရှင်းမှုရှိစေရေး ပညာပေးဆောင်ရွက်

ပြည် ဖေဖော်ဝါရီ ၂၀

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် အသား၊ ငါးနှင့် စားသောက်ဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် ယင်လုံဆန်ခါ ဖုံးအုပ်ခြင်း၊ လက်အိတ်အသုံးပြု ကိုင်တွယ်ရောင်းချစေခြင်းတို့ကို လိုက်နာရန် ဖေဖော်ဝါရီ ၁၅ရက်က အောင်မင်္ဂလာဈေးအတွင်း စားသောက်ဆိုင်များ စနစ်တကျ သန့်ရှင်း သပ်ရပ်စွာ ရောင်းချရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်မြင့်မြင့်မူနှင့် ဈေးတာဝန်ခံတို့ ကွင်းဆင်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိစေရေး ပညာပေးဆောင်ရွက်ကြသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ရေစကြို ဇီးတောစံပြကျေးလက် ကျောက်ချောလမ်းဖွင့်

ရေစကြို ဖေဖော်ဝါရီ ၂

မကွေးတိုင်း ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအရ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ရေစကြိုမြို့နယ် ဇီးတောစံပြကျေးရွာ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဖြိုး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစော မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းသည် အရှည် ပေ ၂၈၃၀၊ အကျယ် ၁၂ပေရှိပြီး ငွေကျပ် ၆၅ သိန်း၅သောင်းအကုန်အကျခံ၍ ဆောင်ရွက်သည့် ပခုက္ကူ-ရေစကြို-မြိုင်-မုံရွာ- မန္တလေးသွား အဓိကလမ်းမကြီးဖြစ်သည်။ **(၂၅၁)**

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် မတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အမြို့မြို့ အနယ်နယ် သတင်းများ

ထမနဲထိုးပြိုင်ပွဲ မြင်းမူမြို့၌ ကျင်းပ

မြင်းမူ ဖေဖော်ဝါရီ ၁၀

မြင်းမူမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ကကြီးမှူး၍ ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ၂၇ရက်က ကျင်းပရာ အဖွဲ့ ရှစ်ဖွဲ့ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပထမဆုကို အမှတ်(၄) ရပ်ကွက်အဖွဲ့ကလည်းကောင်း၊ ဒုတိယ ဆုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစုအဖွဲ့ကလည်းကောင်း၊ တတိယဆုကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကလည်းကောင်း အသီးသီး ဆွတ်ခူးရရှိကြရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရ သည်။ **(၁၆၇)**

မန္တလေးတိုင်း ဗုဒ္ဓ
ဂယာ မြေမြတ်မဟာ
တွင် ဆောက်လုပ်နေ
ဆဲဖြစ်သည့် အိန္ဒိယ
နိုင်ငံဆိုင်ရာ ပညာ
သင် မြန်မာရဟန်း
တော်များ၏ အဖွဲ့ပိုင်
သုံးထပ်ကျောင်းတော်
ကြီး(ဗုဒ္ဓဘာသာပညာ
ရေး ဗိမာန်တော်ကြီး)
အတွက် ရန်ကုန်တိုင်း
စမ်းချောင်းမြို့နယ်
ဝေဠုဝန်ကံကော်လမ်း
အမှတ်၂၇နေ ကျောင်း
အလှူရှင် ဖခင် ဦးဖိုး
ကူး၊ မိခင် ဒေါ်ငယ်၊ ခင်ပွန်း ဦးလှထွန်း၊ သား မောင်စိုးသိန်းအားရည်စူး၍ ဒေါ်အေးကြည်၊ ဦးသောင်းရင်–ဒေါ်တင်တင်မြင့်နှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၀၂၂၀၀ကိုလှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံပြီး ကျောင်းအကျိုးတော်ဆောင်ဆရာတော် အထွေထွေအတွင်းရေးမှူး ဦးဥက္ကဋ္ဌ (မြစ်ကြီး)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ် သရုပ်ပြလေ့ကျင့်

ကျိုက်ထို ဖေဖော်ဝါရီ ၂၅

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပြည်သူ့ဈေးအတွင်း ဖေဖော်ဝါရီ ၁၀ ရက်က မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းမြို့နယ် ဆားတောင်စံပြရွာတွင် စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်၏ စီစဉ်မှုဖြင့် ဆားတောင်ဂန္ဓာမြိုင် စံပြပရဟိတဆရာတော်နှင့် သံဃာတော်များဦးဆောင်၍ တည်ဆောက်လျက်ရှိသော သိန်းသုံးထောင်ကျော်ကုန်ကျမည့် ခုတင်၄၀ဆံ့ သီတဂူဗြဟ္မာယု ဆေးရုံတော်ကြီးအတွက် ဒေါ်မြကြည်၊ သမီး ဒေါ်ခင်မာလာ၊ ဒေါ်ကြည်ကြည်ဝင်းမိသားစု ဓမိုင် မရမ်းကုန်းမြို့နယ်က ငွေကျပ်သုံးသိန်းကို ဆေးရုံဖြစ်မြောက်ရေး အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တနန္ဒာသဘ (ဓမ္မကထိက ဗဟုဇနဟိတရေ)၏ရှေ့မှောက်တွင် လှူဒါန်းရာ အကျိုးတော်ဆောင် ဦးဌေးမောင်က လက်ခံစဉ်။ (က–ပ)

မန္တလေး မျက်စိ၊ နား၊ နှာခေါင်းဆရာဝန်များ ဝေဒနာရှင်များအား ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ကုသ

ကန့်ဘလူ ဖေဖော်ဝါရီ ၂၈

မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ အထူးကုဆရာဝန်ကြီး ဒေါက်တာစောထူးစပ်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဘုန်းဟန်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မြတ်၊ ဒေါက်တာတင်ထူးအောင်၊ ဒေါက်တာလှိုင်ဝင်း၊ သူနာပြုဆရာမ ဒေါ်ခင်နွဲ့ကြည်၊ မျက်မှန်ကျွမ်းကျင် ဦးအောင်ကျော်မိုးတို့သည် ဇန်နဝါရီ၂၉ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံ၌ ရဟန်းရှင်လူ မျက်စိဝေဒနာရှင် ၅၀၃ဦးတို့အား စမ်းသပ်စစ်ဆေးပြီး အကြီးစားခွဲစိတ်ကုသမှု ၅၉ဦးနှင့် အသေးစားခွဲစိတ်ကုသမှု ၇၂ဦးတို့ကို ကုသပေးကြသည်။

အထူးကုသမားတော်ကြီးများ၏ ကွင်းဆင်းကုသမှုလုပ်ငန်းကို ကန့်ဘလူမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်ကျော်၊ ဒေါက်တာခင်သူသူနှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **(ဝ၅၆)**

ဖေဖော်ဝါရီ ၂၅ ရက်က ကျုံမငေးအသင်း(ရန်ကုန်)တွင် အုန်းပင်ဘက်စက်ရုံ ဓမ္မရိပ်သာမှ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တသုမန အရှင်သူမြတ်ထံ ကျောင်းဆောက်လုပ်ရန်အတွက် ဦးကြည်ဘွား–ဒေါ်မြကြည် (ထားဝယ်)၊ ဦးအုန်းမောင်–ဒေါ်အုန်းတင်(ကျုံမငေး)တို့အား ရည်စူး၍ သားသမီး၊ မြေးတစ်စုက ငွေကျပ် ၁၀သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

နတ်တလင်း ဇီးတောကျေးရွာ၌ စက်ရေတွင်းဖွင့်

နတ်တလင်း ဖေဖော်ဝါရီ ၂၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး ဇီးတောကျေးရွာ၌ တစ်လက်မခွဲတွင်းတိမ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက်၉နာရီက အဆိုပါမှုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး၊ ကံသာကျေးရွာဥက္ကဋ္ဌ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာ ရှစ်ရွာ၌ တစ်လက်မခွဲတွင်းတိမ် ရှစ်တွင်း တူးဖော်ဆောင်ရွက် ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မတ္တရာမြို့မဈေး မီးဘေးလုံခြုံရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့် မီးငြိမ်းသတ်မှုကို ဖေဖော်ဝါရီ ၂၈ရက်က အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဆန်းဦး၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်အဖွဲ့များ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မြေခြင်းအလှပြုပြင် ပန်းအလှပင်များ စိုက်ပျိုး

ဖားကန့် ဖေဖော်ဝါရီ ၂၅

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ရုံး အနောက်ဘက်တွင် မြေခြင်းအလှပြုပြင်ခြင်း၊ ရွက်လှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၇ရက်က လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဘုန်းလင်း ဦးဆောင်သော အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ကြရာသို့ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၂၄ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်ရုံးတွင် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းကြည့်ရှုအားပေးစဉ်။ (၁၆၂)

စာကြည့်တိုက်များရေရှည်တည်တံ့ရေး ဂန့်ဂေါမြို့နယ်၌ဆွေးနွေး

ဂန့်ဂေါ မတ် ၂

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်သည် ထီးလင်းမြို့နယ်ဒုတိယဦးစီးမှူးဦးအုန်းဖေနှင့်အတူ သရခါရွာ၊ အောင်းရွာတို့သို့ ဆောမြို့နယ် ဒုတိယဦးစီးမှူး ဦးခင်မောင်နှင့်အတူ လောင်းရှည်၊ ရင်းကဲ၊ သိန်းကျင်း၊ ဆီမီး၊ အညာကတင်း ကျေးရွာများသို့ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၅ ရက်အထိ ကွင်းဆင်း၍ စာကြည့်တိုက်များ ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေးညှိနှိုင်း

ထို့အတူ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးသည် ဂန့်ဂေါမြို့နယ် ဟံသာဝတီ၊ ဘော်ပြင်း၊ ကျွန်းခုံသာ၊ ကန်သာ၊ ကန်ကျေးရွာများသို့ ဖေဖော်ဝါရီ ၁၉ရက်မှ ၂၇ရက်အထိ လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သန်းဆွေသည် တော်ဝင်၊ ရွာမ၊ ရဲလှ၊ ရေရှင်၊ နမ်းခါးကျေးရွာများသို့ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ လည်းကောင်း၊ ရုပ်သံကျွမ်းကျင် (၃) ဦးစန်းဝင်းသည် မောလယ်၊ ဖက်ဝန်း၊ ပြင်သာ၊ ဝက်ချီပါကျေးရွာများသို့ ဖေဖော်ဝါရီ ၂၁ရက်မှ ၂၆ရက်အထိ လည်းကောင်း သွားရောက်ကွင်းဆင်းပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

အောင်လံမြို့ မြို့မဈေးနှင့် မြနန္ဒာဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၆ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသိဏ်းဆွေ၊ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်တိုးမြင့်၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများဖြင့် စုပေါင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကုန်သွယ်ရေးလုပ်ငန်းတွင် အတ္တ၊ ပရ မျှတစွာဆောင်ရွက် စီမံကိန်းဝင်သီးနှံနှင့် ဈေးကွက်ဝင်သီးနှံ တိုးတက်စိုက်ပျိုးထုတ်လုပ်

နေပြည်တော် မတ် ၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂ ရက် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့နယ်ရှိ ခွာညိုကုမ္ပဏီလီမိတက်ပိုင် ဘရာဇီးသီးမွှေးငှက်ပျောစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် အမှတ်(၀၉၀) ဆန်စက်နှင့် အမှတ်(၀၂၀) ဖွဲနုဆီစက်တို့ကိုကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သက်သာစွာဖြန့်ဖြူး

ဆက်လက်၍ ဝန်ကြီးသည် မတ် ၃ ရက်တွင် မြင်းခြံမြို့နယ်ရှိ ရွှေပဒေသာကုမ္ပဏီ၏ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော ကြက်သွန်နီစိုက်ခင်းသို့ရောက်ရှိပြီး ဝန်ကြီးက ယခင်နှစ် အတွေ့အကြုံ ရယူပြီး ထုတ်လုပ်မှု စရိတ်လျှော့ချနိုင်ရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သိုလှောင်ဖြန့်ဖြူးရေး၊ အများပြည်သူကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချရေး မှာကြားသည်။

မျှတစွာဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် မြင်းခြံမြို့ရှိ ကုန်သည်လုပ်ငန်းရှင်များအား မဏိကဥ္စနာခန်းမ၌ တွေ့ဆုံပြီး ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိအကျိုးနှင့် အများပြည်သူ အကျိုးဖြစ်ထွန်းရေးအတွက် အတ္တ၊ ပရမျှတစွာ *စာမျက်နှာ ၃ ကော်လံ ၄*

NLD ဗဟိုဌာနချုပ်သို့ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က နေ့စဉ်ဝင်ထွက်ဆက်သွယ်နေ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွင်း ၎င်းသံရုံးနှစ်ခုမှ (၁၈)ကြိမ်ဝင်ရောက်မှုရှိခဲ့

NLD သည် ပြည်ပ၏ညွှန်ကြားချက်အတိုင်း နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း နာခံလိုက်နာလုပ်ဆောင်နေ

ရန်ကုန် မတ် ၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ပြည်တွင်းမှ ပါတီဝင်တို့၏ သဘောထား၊ မြန်မာပြည်သူတို့၏ သဘောထားများကို အလေးဂရုမပြုဘဲ ပြည်ပနိုင်ငံများ (အထူးသဖြင့်)အနောက်တိုင်းနိုင်ငံကြီးများကို အားထားမှီခိုလွန်းလျက်ရှိသည်။ ထို့အပြင် အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ရမည့်အစား တစ်မျိုးသားလုံး နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ ပို့ဆောင်လျက်ရှိကြောင်း ယင်းပါတီ၏လုပ်ရပ်များက သက်သေပြလျက်ရှိသည်။

ဝေဖန်လျက်ရှိ

NLD ဗဟိုအနေဖြင့် ရန်ကုန်မြို့ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးများနှင့် အမြဲမပြတ်ဆက်သွယ်၍ ယင်းသံရုံးများမှတစ်ဆင့် ညွှန်ကြားချက်အတိုင်း နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းကို နာခံလိုက်နာလုပ်ဆောင်လျက်ရှိသည်ဟု ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုများကိုလည်း မပြတ်ကြည့်ရှု သတိပြုနေကြသည်။

သတင်းထုတ်ပြန်

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့၏ ဇန်နဝါရီလအတွင်း ဝင်ထွက်မှု(၃၄)ကြိမ်ရှိခဲ့ကြောင်း သတင်းများထုတ်ပြန်ပေးခဲ့ပြီး ဖြစ်သည်။

ဖေဖော်ဝါရီလတွင် အမေရိကန်နှင့် ဗြိတိန်သံရုံးတို့မှ NLD ဌာနချုပ်သို့ (၁၈)ကြိမ်လာရောက်၍ NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စာအိတ်ကြီး/ငယ်များ ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ခင်းကျင်းပြသသည့် ဆယ်စုနှစ်တစ်နှစ်စွန်းဓာတ်ပုံပြပွဲ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၆

မိမိတတ်ကျွမ်းသော အနုပညာနှင့် အလှူပြုလုပ်လိုသည့် ဆန္ဒဖြင့် ကျင်းပသော 'ဆယ်စုနှစ် တစ်နှစ်စွန်း ဓာတ်ပုံပြပွဲ' ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်း အမှတ် ၂၀ ပြပွဲ ခန်းမ၌ မတ် ၃ ရက်မှ ၉ ရက်အထိ ခင်းကျင်းပြသထားသည်။

စာမျက်နှာ ၆ ကော်လံ ၁

'မနောပွဲ' အမည်ရှိ ရောင်စုံဓာတ်ပုံကလည်း စုစည်းမှု၊ ညီညွတ်မှုကို ပြသနေသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

NLD ပါတီ၏လုပ်ရပ်များအပေါ် အယုံအကြည်မရှိ ပါတီတာဝန်များကိုလည်း ဆက်လက်လုပ်ကိုင်လိုစိတ်မရှိ ပင်လည်ဘူးနှင့်စစ်ကိုင်းမြို့နယ်တို့မှ ပါတီဝင် ၁၁ဦးနုတ်ထွက်

ရန်ကုန် မတ် ၆

စစ်ကိုင်းတိုင်း ကသာခရိုင် ပင်လည်ဘူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးချစ်ဖေတို့သည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော တောင်ရင်းကျေးရွာမှ ဦးကျော်လှိုင်၊ ဦးနေဝင်း၊ ဦးဝင်းကြိုင်၊ ဦးမောင်ရွှေ၊ ဦးအေးသိန်း၊ ဦးမောင်ဦး၊ ဦးဉာဏ်လင်း၊ ဦးဒေါင်း၊ ဦးကံချွန်တို့ကိုးဦးသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင်လည်းကောင်း၊ ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း၊ နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာ များတွင် ၎င်းတို့အနေဖြင့် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ဝင်စားမှု မရှိ၊ အယုံအကြည်မရှိတော့ကြောင်း၊ ပါတီတာဝန်များကိုလည်း ဆက်လက်လုပ်ကိုင်လိုစိတ်မရှိတော့ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်း ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**